# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီး၌ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

## အွန်လိုင်းလောင်းကစားမှုများနှင့် ငွေလိမ်မှုများ ဖော်ထုတ်နှိမ်နင်းရေး

အရှေ့တောင်အာရှဒေသနိုင်ငံများတွင် အခြေစိုက်၍ အွန်လိုင်းရာဇဝတ်မှုခင်းများ မြင့်တက်နေခြင်းအပေါ် ကမ္ဘာက စိတ်ဝင်စားနေခြင်းနှင့် တစ်ပြိုင်တည်းမှာပင် အဆိုပါဂိုဏ်းများကို ဒေသတွင်းနိုင်ငံအသီးသီးတို့က ဖော်ထုတ်နှိမ်နင်းလျက်ရှိသည့် သတင်းများကိုလည်း တွေ့ရှိရသည်။ ကုမ္ပဏီများအဖြစ် အမည်ခံထားသည့် အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်ဂိုဏ်းများတွင် နိုင်ငံအများအပြားမှ လူငယ်များကို လစာကောင်းကောင်းနှင့် အလုပ်ရမည်ဟု လိမ်လည်ခေါ်ယူပြီး ၎င်းတို့၏ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကိုလုပ်ကိုင်ရန် အတင်းအကျပ် ဖိအားပေးခိုင်းစေနေကြောင်းလည်း သိရသည်။

အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်နေသူအများစုမှာ လိမ်လည်စုဆောင်းခံရသူများအပြင် လူကုန်ကူးခံရသူများလည်း ပါဝင်နေပြီး နေ့စဉ်အလုပ်ချိန် ၁၂ နာရီမှ ၁၄ နာရီအထိ လုပ်ကိုင်ကြရသည်။ လိမ်လည်မှုများကို လုပ်ကိုင်ကြရာတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်ခြင်း၊ အွန်လိုင်းလောင်းကစားခြင်း၊ ငွေချေးခြင်း၊ ချစ်သူရည်းစားအဖြစ် ဟန်ဆောင်ပြီးလိမ်လည်ငွေညှစ်ခြင်း စသည်တို့ပါဝင်ပြီး အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုများက နှစ်စဉ်အမေရိကန်ဒေါ်လာဘီလီယံနှင့် ချီ၍ရှိသည်ဟုလည်း ဆိုသည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ဩဂုတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ချက်အရ အွန်လိုင်းမှ လောင်းကစားနှင့် လိမ်လည်မှုကျူးလွန်သည်ဟု သံသယရှိသူ အဓိက အမာခံခေါင်းဆောင်တစ်ဦးအပါအဝင် တရုတ်နိုင်ငံသား ၂၄ ဦးကို လေးရက်အတွင်း တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင်လည်း အွန်လိုင်းမှုခင်းများနှင့် စပ်လျဉ်း၍ မသင်္ကာသူ တရုတ်လူမျိုး ၈၈ ယောက်ကို ဩဂုတ် ၂၉ ရက်တွင် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီး ငါးယောက်ပါဝင်နေရာ အွန်လိုင်းမှတစ်ဆင့် အမျိုးသားများကို သွေးဆောင်ဖြားယောင်း ငွေလိမ်၊ ငွေညှစ်ပြုလုပ်ကြသူများဖြစ်သည်။ ထိုင်းနိုင်ငံတွင် ဩဂုတ်လ လလယ်ပိုင်းက အွန်လိုင်းငွေကြေးလိမ်လည်မှုများကို ဖော်ထုတ်နှိမ်နင်းမှုများ ပြုလုပ်ခဲ့ရာ မြန်မာအမျိုးသမီးတစ်ဦးအပါအဝင် တရုတ်နိုင်ငံသူ၊ နိုင်ငံသားအချို့၊ ထိုင်းနိုင်ငံသားအချို့နှင့် တန်ဖိုးကြီးဇိမ်ခံကားများ၊ အိမ်ခြံမြေစာချုပ်စာတမ်းများ၊ ငွေသားများ စသည်တို့ ဘတ်ငွေသန်း ၁၅၀၀ ကျော်ဖိုးခန့် သိမ်းဆည်းနိုင်ခဲ့သည်ဟု သိရသည်။ အွန်လိုင်းရာဇဝတ်ဂိုဏ်းများကြောင့် ထိုင်းနိုင်ငံတွင် တစ်နှစ်အတွင်း ဘတ်ငွေသန်းပေါင်း ၁၀၀၀၀ ခန့် ဆုံးရှုံးခဲ့ရခြင်းဖြစ်ရာ ပမာဏကြီးမားလှသည်။

အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်လုပ်ငန်းအများစုမှာ နယ်စွန်နယ်ဖျားဒေသများတွင်ရှိနေပြီး နိုင်ငံဖြတ်ကျော်လူကုန်ကူးမှုများနှင့်လည်း ဆက်စပ်နေသည်။ အဆိုပါလုပ်ငန်းများက အွန်လိုင်းမှတစ်ဆင့် ၎င်းတို့အတွက် လူသစ်များစုဆောင်းရာတွင် ကုမ္ပဏီများအဖြစ် အသွင်ယူထားပြီး အင်တာနက်နည်းပညာနှင့်ဘာသာစကားတစ်ခု၊ နှစ်ခု စသည်ဖြင့် တတ်ကျွမ်းသူများကို ရာထူး၊ လစာစသည်ဖြင့် သွေးဆောင်ဖြားယောင်း ခေါ်ယူကြခြင်းဖြစ်ရာ ပညာတတ်လူငယ်လူရွယ်များ သတိပြုဖွယ်ပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း ၎င်းတို့၏ အွန်လိုင်းလောင်းကစားအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတွင် အသုံးများသည့် လူမှုကွန်ရက်များတွင် တွေ့မြင်လျက်ရှိရာ မတော်လောဘဖြင့် ဝင်ရောက်မကစားကြစေရန်လည်း သတိပြုစေလိုသည်။ အွန်လိုင်းဂိမ်းဟူသမျှတို့မှာ ၎င်းတို့၏ အမြတ်အစွန်းအတွက် ဖန်တီးထားပြီးဖြစ်သည့်အလျောက် မိမိဘက်မှာ အရှုံးသာလျှင် ဖြစ်သည်ဟု နားလည်ထားကြရမည်ဖြစ်သည်။ အွန်လိုင်းမှ ငွေချေးခြင်း၊ အတုအယောင်ရင်းနှီးမြှုပ်နှံခြင်း စသည့်အားလုံးတို့မှာလည်း အလိမ်အညာများသာဖြစ်ပြီး ယုတ်စွအဆုံး အွန်လိုင်းမှချစ်သူရည်းစားသည်ပင်လျှင် ဂိုဏ်းဖွဲ့ကျူးလွန်မှု အတုအယောင်တစ်ခုဖြစ်သည်ကို သတိပြုကြရန်ဖြစ်သည်။

ယခုအခါ မိမိနိုင်ငံနှင့်တကွ နိုင်ငံတကာမှ နိုင်ငံသူ၊ နိုင်ငံသားများအတွက်ပါ အန္တရာယ်ကြီးမားသည့် အွန်လိုင်းရာဇဝတ်ဂိုဏ်းများကို တစ်နိုင်ငံချင်းအလိုက်ရော၊ နိုင်ငံများအချင်းချင်းပူးပေါင်း၍ပါ ဖော်ထုတ်နှိမ်နင်းလျက်ရှိရာတွင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ မေတ္တာအခါတော်နေ့အခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၃၁

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ရွှေကျောင်းတော်ကျောက်ပန်းတောင်း ဓမ္မာရုံကြီး၌ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဂေါပကအဖွဲ့ကကြီးမှူး၍ (၃၅)ကြိမ်မြောက် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနား ကျင်းပသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့၊ အလှည့်ကျသဘာပတိ ဦးမြင့်စိုးက မေတ္တာအခါတော်နေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဩဝါဒါစရိယ ပဲခူးမြို့မစာသင်တိုက်၊ ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မေတ္တာသုတ်ပါဠိတော်ဘာသာပြန် ရှစ်လုံးဘွဲ့ ကဗျာကို စုပေါင်းရွတ်ဆိုကာ မေတ္တာပွားများကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ဩဝါဒါစရိယကြခတ်ဝိုင်းစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းချခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း

ဟိုပုံး ဩဂုတ် ၃၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ပဲ၊ ဆီနှင့်ဆား အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့က ပအိုဝ်းဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် ဝန်ထမ်းများက ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ပုံလောင်းကျောင်းတိုက်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာအုပ်စု ဖာလိုင်၊ ဇွဲလွန်ကျောင်းတိုက်သို့လည်းကောင်း ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ခရိုင်/ မြို့နယ်များရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## သုဝဏ္ဏဝတီမြို့၌ ညော်မထဆန်တစ်ပြည်ကို ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချပေး

သုဝဏ္ဏဝတီမြို့ ဩဂုတ် ၃၁

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဒေသခံအခြေခံလူတန်းစား မြို့မဈေးရှေ့၌ ပြည်သူများအား တစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်းနှင့် ဆန်အိတ် ၅၀ (၂၄ပြည်ဝင်)ကို ဈေးနှုန်းချိုသာစွာဖြင့် ဇော်ဆန်စက်(ကျိုက္ကော်)မှ ဦးဆောင်စီစဉ်၍ ရောင်းချပေးခဲ့သည်။ (ဝဲပုံ)



ယခုအချိန်သည် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုနှင့်အတူ ပြည်သူများ၏ အထွေထွေကုန်ကျစရိတ် များပြားလာသည့်အတွက် ကုန်ကျစရိတ် လျော့နည်းလာစေရန်ရည်ရွယ်၍ အခြေခံမရှိမဖြစ်သော ဆန်ကို သထုံမြို့နယ် အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ဆန်၊ စပါး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေကြသူများ၏ ညှိနှိုင်းဆောင်ရွက်ချက်အရ ရောင်းချပေးရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ အပတ်စဉ် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်ရန် ရှိကြောင်း မြို့နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်းဝင် ဦးဇော်မင်းက ပြောသည်။ ထို့ပြင် ကြက်သား တစ်ပိဿာ ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ပိဿာ ၅၀ ကို ရောင်းချပေးခဲ့ရာ သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်ဝင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**




ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။




ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ရှင်းလင်းတင်ပြစဉ်။

***○ ရွှေဖုံးမှ***

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ ဘုရားဖူးလာပြည်သူများ အေးငြိမ်းချမ်းသာစွာဖြင့် ဘုရားဖူးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ပမှနိုင်ငံခြားသားဧည့်သည်များ နေ့အလိုက် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ စတင်ဖွင့်လှစ်သည့်နေ့မှ ယခုလ ၃၀ ရက်အထိ ဘုရားဖူးလာ သံဃာတော် ၈၂၄၁ ပါး၊ သီလရှင် ၁၉၉၈ ပါး၊ လူပုဂ္ဂိုလ် ၃၂၇၈၇၁ ဦး စုစုပေါင်း ၃၃၈၁၁၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့မှု၊ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ ကျောင်းအစီအစဉ်ဖြင့်လာရောက်သည့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်နှင့် ဝန်ထမ်းများအား ဝန်ထမ်းကတ်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံရန် လျာထားဆောင်ရွက်ထားရှိမှု၊ Ticket House တည်ဆောက်ပြီးစီးမှုနှင့် စမ်းသပ်ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပဘုရားဖူးများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းလျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ပရဟိတအသင်းများက အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိမှု၊ ဘုရားဖူးလာပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး နေပြည်တော်သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ဘုရားကြီးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသုံးစွဲမှု သက်သာစေရေး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးများ တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘုရားဖူးမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ရပ်နားရန်နေရာများ စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ အထောက်အကူပြုအဖွဲ့များဖွဲ့စည်းရန် လျာထားမှုနှင့် ဘုရားကြီးဝေယျာဝစ္စနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဘုရားကြီး၌ ဝန်ထမ်းများ တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂေါပကအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ဗိုလ်ချုပ်ဇော်နိုင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရဟန္တာကျောင်းဆောင်တော် နှစ်ဆောင်တည်ဆောက်နေမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရေပန်း ရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် 360 ဒီဂရီဗီဒီယိုမှတ်တမ်းရိုက်ကူးထားရှိမှု၊ ဂန္ဓကုဋီတိုက် အပြင်ဘက်တွင် အင်္ဂတေစိန်တောင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်း နှစ်ဆောင် တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များ တပ်ဆင်ပြီးစီးမှု၊ ဂန္ဓကုဋီတိုက်အဝင်လမ်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်လမ်းနှင့် U-Turn တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ဒက္ခိဏသီရိမြို့ စံပယ်လမ်း(ရာဇသင်္ဂဟလမ်းဆုံ)နေရာ Free Way နှင့် လမ်းမြေတိုးချဲ့လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဒက္ခိဏသီရိမြို့၊ သစ်ခွလမ်း တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် မြတ်မင်္ဂလာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်က လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဘုရားကြီးတည်ဆောက်မှုမှတ်တမ်းစာအုပ် ပြုစုဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

## စနစ်တကျရှိစေရေး ဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားဖူးလာဆရာတော် သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဘာဂီယာဉ်များနှင့် သယ်ယူပို့ဆောင်ခြင်းများကိုဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘုရားကြီး၌ ခန့်အပ်မည့်ဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးမှုများနှင့်ပတ်သက်၍လည်း စနစ်တကျဖြစ်စေရေး စိစစ်ခန့်အပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များကို စနစ်တကျစိုက်ပျိုးသွားရန် လိုကြောင်း၊ ဂန္ဓကုဋီတိုက်များအတွင်း အစားအသောက်များ စားသောက်မှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားဘုရားကြီး ပရိဝုဏ်တော်အတွင်း သန့်ရှင်းသာယာမှုများရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ဘုရားကြီးသို့ ဝင်ထွက်သည့်လမ်းများ စနစ်တကျရှိစေရေးနှင့် ကားရပ်ရန်နေရာများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်ခြင်းနှင့်ပတ်သက်၍ ပထမသုံးလတာကာလအတွင်း စမ်းသပ်ကာလအဖြစ် အမြဲတမ်းစည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ခြင်းမပြုဘဲ ယာယီစည်းကမ်းသတ်မှတ်ချက်များဖြင့်သာ ဆောင်ရွက်သွားရန်လိုကြောင်း၊ဘုရားကြီး ဝင်ရောက်ခွင့်နှင့်ပတ်သက်၍ ဘုရားဖူးလာပြည်သူများ အသက်သာဆုံးဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးရန်နှင့် ဘုရားကြီးဝင်းအတွင်း ကင်မရာပါသည့်ဖုန်း၊ အခြား ဗီဒီယိုမှတ်တမ်းများရိုက်ကူးခြင်းနှင့် အပျော်တမ်း ကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းဖြင့် ကောက်ခံသွားရန်လိုကြောင်း၊ ဘုရားကြီးဝင်းအတွင်း ကားပါကင်သို့ ဝင်ရောက်ရပ်နားမှုနှင့်ပတ်သက်၍ ကိုယ်ပိုင်ယာဉ်ငယ်များကိုသာ ဝင်ရောက်ခွင့်ပြုရန်လိုကြောင်း၊ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့် ရုပ်ပွားတော်မြတ်ကြီးဖြစ်သဖြင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လူအင်အားလိုအပ်ချက်၊ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များ၊ စီမံခန့်ခွဲမှုလိုအပ်ချက်များကို ရေရှည်အတွက် ယခုသုံးလတာကာလ တွေ့ကြုံရမှုများအပေါ်တွက်ချက်၍ စီမံခန့်ခွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီးတွင်လည်းကောင်း၊ ကျောက်စာရုံတော်များအတွင်းတွင်လည်းကောင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားဖူးလာပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA ၊ KNU/KNLA-PC ၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်များ၊ ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**တတိယနေ့ကျင်းပ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ (ALP၊ DKBA ၊ KNU/KNLA–PC၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနအစည်းအဝေးခန်းမ၌ တတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲအား ဆက်လက်ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားပြီးနောက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ပြောရေးဆိုခွင့်ရှိသူများက ငြိမ်းချမ်းရေးအတွက် လက်ရှိဆွေးနွေးဆောင်ရွက်နေမှု၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သည်။ **(ယာပုံ)**



**အကူအညီများ ရရှိရေး ဆောင်ရွက်ပေး**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဝဏ္ဏအောင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့တို့သည် နိုင်ငံတကာအသိသက်သေများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဥရောပသမဂ္ဂနှင့်ကမ္ဘာ့ကုလသဂ္ဂတို့မှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာလက်မှတ်ရေးထိုးခဲ့ကြသည့်အပြင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် သမိုင်းဝင်စာချုပ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၂ ဖွဲ့ ထပ်မံပါဝင် လက်မှတ်ရေးထိုးခဲ့သဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့၊ NCA လက်မှတ် မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၃) ဖွဲ့နှင့် နိုင်ငံရေးပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ခိုင်မာစေရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသောပြည်ထောင်စုတည်ဆောက်မည်၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်မည်ဆိုသည့် အချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပြင်ဆင်နိုင်ရေးအတွက် ပုဒ်မများမှ ၂၁ ချက်တို့ကို သဘောတူညီခဲ့ကြကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က UN အဖွဲ့အစည်းနှင့်ပေါင်းစပ်ပြီး အမှန်တကယ်လိုအပ်မည့်ဒေသများသို့ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်၍ အကူအညီများ ရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ၌ ကရင်ပြည်နယ်တွင် သံတောင်ကြီးမြို့နယ်၊ လိပ်သို/ယာဒိုဒေသ၊ မြဝတီမြို့နယ်၊ လေးကေ့ကော်ဒေသ၊ ရခိုင်ပြည်နယ်တွင် ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်၊ ရှမ်းပြည်နယ်တွင် ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်များရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်သူများထံသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ နောက်ပိုင်းတွင်လည်း ယခုလို အကူအညီများကို လိုအပ်သည့်ဒေသများသို့ JMC က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အစီအစဉ်များကိုလည်း ဆွေးနွေးလျက်ရှိ**

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်စောမြရာဇာလင်း က NCA စာချုပ်သည် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအတွက် အနှစ်သာရရှိသည့် စာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တရားဝင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် စာချုပ်လည်းဖြစ်ကြောင်း၊ အဆိုပါစာချုပ်တွင် အစိုးရကိုယ်စားလှယ်အဖြစ် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ ၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများလည်း ပါဝင်ခဲ့ကြကြောင်း၊ အဆိုပါစာချုပ်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ NCA သည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သဘောတူစာချုပ်ဖြစ်သဖြင့် တရားဝင်စာချုပ်ဖြစ်ပြီး ပျက်ပြယ်မှုမရှိကြောင်း၊ ထို့ကြောင့် NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုအနေဖြင့် NCA အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်တည်ဆောက်နိုင်သည်အထိ ငြိမ်းချမ်းရေးကိုဆွေးနွေးသွားကြရမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် EAO များ လက်တွေ့ကျကျပါဝင်နိုင်ရေးကိုလည်း ဆွေးနွေးနေကြောင်း၊ NCA စာချုပ်ချုပ်ဆိုခဲ့သည်မှာ အောက်တိုဘာ ၁၅ ရက်တွင် ၈ နှစ်ပြည့်မည်ဖြစ်သဖြင့် အဆိုပါ NCA စာချုပ်ချုပ်ဆိုခဲ့သည့် ၈ နှစ်ပြည့်အခမ်းအနားကို လက်တွေ့ကျကျ အဓိပ္ပာယ်ရှိရှိ ကျင်းပလိုသည့် အစီအစဉ်များကိုလည်း ဆွေးနွေးလျက်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



နေပြည်တော် ဩဂုတ် ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင်တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာ ပွားများခြင်းများ ဆောင်ရွက်၍ ကြည်ညို သဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားဖူးလာပြည်သူများ အသက်သာဆုံးဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှစတင်၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန် တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့် နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တစ်နိုင်ငံလုံးအတွက် အေအာတီဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် နိုင်ငံတော်အစိုးရမှ ရန်ပုံငွေများ နှစ်စဉ်တိုးမြှင့်ပံ့ပိုးပေးလျက်ရှိ

# (၂၀၂၂-၂၀၂၃)ခု ဘဏ္ဍာနှစ်အတွက် အေအာတီဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၆ သန်း အသုံးပြုထား

နေပြည်တော် ဩဂုတ် ၃၁

**ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏ နှစ်ပတ်လည်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ(၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၂၅ တွင်ပါရှိသည့် ဦးစားပေး နည်းဗျူဟာ (၅)ရပ်နှင့်အညီ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးနှင့် ပြုစုကုသစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတွက် အေအာတီဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် နိုင်ငံတော်အစိုးရမှ ရန်ပုံငွေများ နှစ်စဉ်တိုးမြှင့်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွက် အေအာတီဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၆ သန်း အသုံးပြုထားပါကြောင်း။

၂၀၂၂ ခုနှစ်တွင် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်အနေဖြင့် အေအာတီဆေးကုဌာန ၁၄၁ ခုနှင့် အေအာတီဆင့်ပွားကုဌာန ၃၁၀ တို့၌ အိတ်ချ်အိုင်ဗွီပိုးရှိ လူနာပေါင်း ၂၀၈,၀၀၀ ကျော်ကို အေအာတီဆေးဝါးနှင့် အခမဲ့ကုသပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင် ငါးသိန်းကျော်ကို အိတ်ချ်အိုင်ဗွီနှင့် ဆစ်ဖလစ်ရှိ/မရှိ စစ်ဆေးပေးခဲ့ကြောင်း၊ မူးယစ်ဆေး အကြောထဲထိုးသွင်းသူများအတွက် မူးယစ်ဆေးအစားထိုး မက်သာဒုန်းဆေးဖြင့် ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်အကုန်အထိ ရရှိသော စာရင်းဇယားများအရ မူးယစ်ဆေး အကြောထဲထိုးသွင်းသူ ၂၆,၀၀၀ ခန့်ကို မက်သာဒုန်းဆေးကုဌာန ၈၀ တွင် မက်သာဒုန်းဆေး တိုက်ကျွေးလျက်ရှိကြောင်း။

အိတ်ချ်အိုင်ဗွီ/အသည်းရောင်အသားဝါစီပိုး ဒွန်တွဲလူနာများအတွက် အသည်းရောင်အသားဝါစီပိုး ကုသမှုလုပ်ငန်းကို ကချင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၂၀၂၃ ခုနှစ်အတွင်း စတင်ကုသမှုပေးလျက်ရှိပြီး နှစ်စဉ်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူများလက်တွဲ ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရေး အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါနှင့် ဆက်နွယ်သော သေဆုံးမှုများလျှော့ချရေးနှင့် ခွဲခြားနှိမ့်ချမှုကင်းစင်ရေး စသည့်ရည်မှန်းချက်များ ပြည့်မီပြီး ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးကဏ္ဍ နည်းဗျူဟာဆိုင်ရာအရ ချမှတ်ထားသည့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့



အစည်းတစ်ရပ် ပေါ်ထွက်လာရန် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် (ခုခံကျ/ကာလသား)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန်းသန်းလွင်က အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ရောဂါ ကာကွယ်ရေးနှင့် ပြုစုကုသစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ (ခုခံကျ/ကာလသား) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မင်းယုအောင်က အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါ ကာကွယ်ကုသရေးလုပ်ငန်း စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးအကြံပြုကြသည်။

ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၏ နှစ်ပတ်လည်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ ခုခံကျ/ ကာလသား ရောဂါ တိုက်ဖျက်ရေးဌာန တာဝန်ခံများ၊ WHO၊ UNAIDS၊ UNICEF၊ UNOPS အဖွဲ့တို့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးကို နှစ်ရက်တာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကြားလို လက်မခံလိုကြတော့ပြီ ...

သတင်းဟူသည် လူတို့အတွက် အာဟာရတစ်မျိုးဖြစ်သည်။ သတင်းစာပညာအရ ကောင်းကျိုးလည်း သတင်း၊ ဆိုးပြစ်လည်း သတင်းဟု ဆိုသည်။ လူတို့၏ သဘာဝအရ ကောင်းသတင်းလည်းသိလို၊ မကောင်းသတင်းလည်း သိလိုကြသည်။ ကောင်းသတင်း အသိသည် လူတို့၏ ဦးနှောက်အသိဉာဏ်၊ တီထွင်ဖန်တီးဉာဏ်၊ ပညာဉာဏ်၊ ပိုင်းခြားချင့်ချိန်ဉာဏ်၊ အမြော်အမြင်ဉာဏ်တို့၏ အားတိုးဆေးဖြစ်သည်။ မကောင်းသတင်းအသိသည် ဆန့်ကျင်ဘက်အားများ ဖြစ်စေသည်။

**ကိုရင်မောင်**

### ဘက်လိုက်မှုရှိ

ယင်းစွမ်းအားနှစ်မျိုးအနက် တစ်မျိုးမျိုးကို မီဒီယာများက အသုံးပြုနေကြသည်။ မီဒီယာစွမ်းအားသည် အင်အားကြီးမားလှသည်။ မီဒီယာလောကတွင် လွတ်လပ်စွာရေးသားခွင့် (Freedom of Press) နှင့် လွတ်လပ်သော စာနယ်ဇင်း (Independent Press) တို့သည် အဓိပ္ပာယ်မတူပေ။ လွတ်လပ်စွာရေးသားခွင့်ဆိုသည်မှာ စာနယ်ဇင်းဆရာတို့သည် ချုပ်ချယ်မှုမရှိဘဲ မိမိတို့ယုံကြည်ချက်အတိုင်း လွတ်လပ်စွာ ရေးသားခွင့်ကို ဆိုလိုသည်။ လွတ်လပ်သောစာနယ်ဇင်းဆိုသည်မှာ သာမန်အားဖြင့် အစိုးရပိုင်မဟုတ်သော ပုဂ္ဂလိကပိုင်စာနယ်ဇင်းဟု ဆိုသည်။ ပုဂ္ဂလိကပိုင်စာနယ်ဇင်းမှာ လွတ်လပ်သည် ဆိုသော်လည်း အတိုင်းအတာသည် ပိုင်ရှင်ပေါ်တွင် မူတည်ပြန်သည်။ ပိုင်ရှင်၏ မူဝါဒအတိုင်း ဘက်လိုက်မှုအနည်းအများ ရှိတတ်သည်။

### မီဒီယာလက်နက်

အမှန်တကယ်တွင် လွတ်လပ်သောစာနယ်ဇင်းသည် ဝါသနာလည်းပါ၊ ပါတီနိုင်ငံရေးနှင့်လည်းကင်း၊ လူထုအား အသိပညာပေးရန်၊ ပြုပြင်ရန် အားသန်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များ မတိမ်းစောင်းရလေအောင် ထိန်းကျောင်းပေးရန် ဦးတည်ပေးသော ပုဂ္ဂလိကပိုင်စာနယ်ဇင်းများကို လွတ်လပ်သော စာနယ်ဇင်း ဟု ခေါ်ဆိုနိုင်သည်။ သို့သော် လွတ်လပ်သည့်စာနယ်ဇင်းဟုဆိုသော အနောက်မီဒီယာများသည် အနောက်ကမ္ဘာမှ စတင်မြစ်ဖျားခံစဉ်ကတည်းက ပိုင်ရှင်ဖြစ်သည့်နိုင်ငံ၏ နိုင်ငံရေးမူဝါဒအရ ဘက်လိုက်မှုများ၊ နိုင်ငံရေး သွတ်သွင်းမှုများရှိခဲ့သည်။ မီဒီယာကို လက်နက်သဖွယ် အသုံးချမှုများ ရှိသည်။

### မီးလောင်ရာလေပင့်

မှတ်မိပါသေးသည်။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော်၊ ဆိုရှယ်လစ်ခေတ်၊ ၁၉၈၈ ခုနှစ် မတိုင်မီကာလက ပြည်သူများကြားတွင် သတင်းသိပိုင်ခွင့် ကျယ်ကျယ်ပြန့်ပြန့် မရရှိခဲ့ကြပေ။ နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများရှိသော်လည်း ပြည်သူများကြား သတင်းသိပိုင်ခွင့်ကို ပြည်ပအခြေစိုက် BBC၊ VOA၊ RFA စသည့် သတင်းဌာနများ၏ ထုတ်လွှင့်မှုများက လွှမ်းမိုးခဲ့သည်။ ဆိုရှယ်လစ်စနစ်တိုင်းပြည်တွင် အဘက်ဘက်၌ အကျပ်အတည်းဖြစ်နေချိန်တွင် အနောက်မီဒီယာများ၏ မီးလောင်ရာ လေပင့်ပေးမှုကြောင့် လူထုအုံကြွမှု ဖြစ်ပေါ်လာပြီး ပြည်ထောင်စုကြီး ပြိုကွဲတော့မည်အထိ ဖြစ်ခဲ့ရသည်။

တိုင်းပြည်၏ ကံကြမ္မာကို ပြောင်းလဲသွားစေနိုင်အောင် အနောက်မီဒီယာသမားများက တွန်းအားပေးနိုင်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ပြောင်းလဲသွားအောင် ကြိုးစားအားထုတ်နေကြသည့် အနောက်သတင်းသမားများ၊ အနောက်သတင်းဌာနများ ရှိနေဆဲဖြစ်သည်။ အနောက်ကမ္ဘာမှ မီဒီယာအရှုပ်တော်ပုံများကို ဖွင့်ထုတ်ပြမည်ဆိုပါက မဆုံးနိုင်အောင်ရှိသည်။ ဘော့ဝုဒ်ဝါဒန်နှင့် ကားဘာနက်စတိန်းတို့က ဝါးတားဂိတ်အရှုပ်တော်ပုံကို ဖွင့်ချခဲ့သောကြောင့် အစိုးရအပေါ် ပြည်သူတို့ အမြင်မရှင်းဖြစ်ခဲ့သည်။ စီအင်န်အင်န်သတင်းကို ၂၄ နာရီအစီအစဉ် စလိုက်သဖြင့် ပြည်သူများအပေါ် လွှမ်းမိုးနိုင်ခဲ့သည်။ အယ်လ်ဂျာဇီးယားသတင်း တင်ဆက်မှုတွင် ထင်မြင်သုံးသပ်ချက်များကြောင့် အာဏာပိုင်များ သက်တမ်းကုန်ခဲ့သည်။ တွစ်တာနှင့် ဖေ့ဘွတ်ခ်ကဲ့သို့ လူမှုကွန်ရက်များက လူအများကို ဖမ်းစားနိုင်သောကြောင့် အာရပ်နွေဦးကဲ့သို့ လူထုအုံကြွမှုကို ဖန်တီးပေးနိုင်ခဲ့သည်။




တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့၌ (၆)ကြိမ်မြောက် BRICS မီဒီယာဖိုရမ် ကျင်းပစဉ်။

❑ **အနောက်မီဒီယာများ၏ စွမ်းပကားများမှာ ရာဇဝင်နှင့်ချီ၍ ကြီးမားခဲ့သည်။ မျက်မှောက်ကာလတွင်လည်း ဆိုဖွယ်ရာမရှိပြီ။ ၎င်းတို့အသိုင်းအဝိုင်းများ၏ ကောင်းကြောင်းများကို ထုတ်ဖော်တင်ပြကြပြီး အားနည်းချက်များကို ဖုံးဖုံးဖိဖိ တင်ပြတတ်သည်။ ဘက်လိုက်သည့် တင်ဆက်မှုများကို အမျိုးမျိုးအဖုံဖုံ တင်ပြကြသည်။ လော့စ်အိန်ဂျယ်လိစ်တိုင်းသတင်းစာအဆိုအရ ၎င်းတို့၏တင်ဆက်မှုများသည် မူဝါဒမတူသော နိုင်ငံများကို ဆန့်ကျင်ပုတ်ခတ်ရုံမျှမက အဆိုပါနိုင်ငံများ၏ ပြည်သူများကိုပါ ထိခိုက်စေသည်ဟုဆိုထားသည်။ ကမ္ဘာ့အင်အားကြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အင်အားပြိုင်ဆိုင်မှုများမှ ဖြစ်ပေါ်လာသည့် မီဒီယာစီးကြောင်းတွင် အာရှဒေသအတွင်းမှ သီးခြားရပ်တည်နေသည့် နိုင်ငံများကိုပါ ဂယက်ရိုက်ခတ်ခဲ့သည်**

### ဂယက်ရိုက်ခတ်

အနောက်မီဒီယာများ၏ စွမ်းပကားများမှာ ရာဇဝင်နှင့်ချီ၍ ကြီးမားခဲ့သည်။ မျက်မှောက်ကာလတွင်လည်း ဆိုဖွယ်ရာမရှိပြီ။ ၎င်းတို့အသိုင်းအဝိုင်းများ၏ကောင်းကြောင်းများကို ထုတ်ဖော်တင်ပြကြပြီး အားနည်းချက်များကို ဖုံးဖုံးဖိဖိတင်ပြတတ်သည်။ ဘက်လိုက်သည့် တင်ဆက်မှုများကို အမျိုးမျိုးအဖုံဖုံတင်ပြကြသည်။ လော့စ်အိန်ဂျယ်လိစ်တိုင်းသတင်းစာ အဆိုအရ ၎င်းတို့၏ တင်ဆက်မှုများသည် မူဝါဒမတူသော နိုင်ငံများကို ဆန့်ကျင်ပုတ်ခတ်ရုံမျှမက အဆိုပါနိုင်ငံများ၏ ပြည်သူများကိုပါ ထိခိုက်စေသည်ဟု ဆိုထားသည်။ ကမ္ဘာ့အင်အားကြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အင်အားပြိုင်ဆိုင်မှုများမှ ဖြစ်ပေါ်လာသည့် မီဒီယာစီးကြောင်းတွင် အာရှဒေသအတွင်းမှ သီးခြားရပ်တည်နေသည့် နိုင်ငံများကိုပါ ဂယက်ရိုက်ခတ်ခဲ့သည်။


အနောက်ကမ္ဘာမှ မီဒီယာများ၏ သတင်းတင်ဆက်မှုသည် နိုင်ငံအများအပေါ် လွှမ်းမိုးခဲ့သည်။ တရုတ်နိုင်ငံ၏ အဖြစ်အပျက်များကို မနှစ်မြို့ဖွယ်ရာအဖြစ်ဖော်ပြကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေအနေကို သနားစရာနိုင်ငံအဖြစ် နှိမ့်ချဖော်ပြကြသည်။ အာဖရိကတိုက်သားများကို အများအမြင်တွင် စားစရာ၊ သောက်စရာ၊ နေစရာမရှိ ဆင်းရဲမွဲတေကြသည့် ပုံစံဖော်ပြကြပြီး အနောက်နိုင်ငံများ၏ အကူအညီ လိုအပ်နေကြောင်း ဖော်ပြကြသည်။ အမှန်တကယ်တွင် မြေပြင်အခြေအနေများမှာ တင်ပြခဲ့သည့် အခြေအနေများနှင့် ကွဲလွဲနေပြီး အမေရိကနှင့်ဥရောပတွင် အိမ်ခြေရာခြေမဲ့ဆင်းရဲမွဲတေနေသည့်အဖြစ်များကိုမူ မရှိသလို ဖျောက်ဖျက်ထားပြီး ဖော်ပြခြင်းလည်းမရှိကြပေ။

### အမြင်မှား အတွေးမှား

ဩဂုတ်လ ၁၉ ရက်က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့၌ (၆) ကြိမ်မြောက် BRICS မီဒီယာဖိုရမ်ကို ကျင်းပခဲ့သည်။ ဖိုရမ်သို့ နိုင်ငံပေါင်း ၃၀ မှ မီဒီယာ ကိုယ်စားလှယ် ၂၀၀ ကျော်တက်ရောက်ကြပြီး အနောက်မီဒီယာများ၏ ဝါဒဖြန့်မှုများနှင့် သာတူညီမျှဘက်မလိုက်သည့် အနာဂတ်ဖြစ်စေရေး ကြုံတွေ့နေရသည့် မီဒီယာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ အနောက်မီဒီယာများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်တွင် မမှန်မကန်သတင်းများနှင့် ပုံကြီးချဲ့ကားသတင်းများကို အချိန်ကာလရှည်ကြာစွာ ထုတ်လွှင့်ဖော်ပြနေသည်။ ၎င်းတို့၏ သမာသမတ်မရှိ တစ်ဖက်စောင်းနင်းဖော်ပြသည့်သုံးသပ်ချက်များ၊ အကြောင်းအချက်များသည် ပြည်သူများအား အမြင်မှား၊ အတွေးမှားဖြစ်စေသည်။ ထိုသို့ဆောင်ရွက်မှုများကြောင့် နိုင်ငံငယ်များ၏ တိုးတက်မှုနှင့် အလားအလာကောင်းများကို ပိတ်ပင်တားဆီးသကဲ့သို့ အဟန့်အတားများ ဖြစ်စေသည်၊ အနောက်အုပ်စုမီဒီယာအဖွဲ့အစည်းများက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပေါများကြွယ်ဝသည့် ယဉ်ကျေးမှုတို့ကို သေးသိမ်အောင် ပြုလုပ်လေ့ရှိသည်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို မျက်ကွယ်ပြုပြီး နှစ်ပေါင်းရှည်ကြာစွာ ဖြစ်တည်နေသည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာကောင်းများကို ပုံဖျက်ဖော်ပြတတ်သည်။ အာဖရိကနိုင်ငံများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအစဉ်အလာများ၊ ဘာသာစကားများ၏ လေးနက်မှုများကို ဖော်ပြခြင်းမရှိဘဲ ရှုထောင့်တစ်ခု အမြင်တစ်ခုဖြင့် ဖော်ပြကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် တီထွင်ဆန်းသစ် *စာမျက်နှာ ၇ သို့*

✶ **အဆိုပါ မီဒီယာဖိုရမ်တွင် အဖွဲ့ဝင်မီဒီယာများအနေဖြင့် မိမိနိုင်ငံတိုးတက်ဖြစ်ထွန်းမှုများအပေါ် အာရုံစိုက်လုပ်ကိုင်ကြခြင်းဖြင့် အနောက်နိုင်ငံမီဒီယာများ၏ လွှမ်းမိုးမှု၊ နှောင့်ယှက်မှုများမှ ကျော်လွှားနိုင်မည်၊ ၎င်းတို့၏ တစ်ဖက်သတ်ဖော်ပြမှုများကြောင့် ဖုံးကွယ်နေသည့် ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အန်တုရင်ဆိုင်နိုင်မှုနှင့် အလားအလာကောင်းများကို ဖော်ထုတ်နိုင်မည်ဟု ထုတ်ဖော်ခဲ့ကြသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် အနောက်မီဒီယာများ၏ မူဝါဒမှာ အစဉ်အဆက်မကောင်းသတင်းများ ထုတ်လွှင့်၍ တိုင်းပြည်ပျက်စီးရေးလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကောင်းသတင်းဆိုလျှင်လည်း သေးသိမ်အောင်၊ ပုံပျက်အောင် ပြောင်းပြန်လှန်မှောက်လုပ်ကြပြီး ယခုအခါ ယခင်ကထက်ပို၍ ပိုမိုအခြေအနေ ဆိုးရွားအောင် တင်ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။ အနောက်နိုင်ငံကြီးများ၏ မူဝါဒ၊ အလိုကျ တစ်ထပ်တည်းကျ လုပ်ဆောင်လျက်ရှိရာ ဒီမိုကရေစီတန်ဖိုးထားသော၊ လွတ်လပ်သော စာနယ်ဇင်းမူဝါဒ၊ စာနယ်ဇင်းကျင့်ဝတ်တို့နှင့်မညီသည့် အဖျက်မီဒီယာများဟု ဆိုရမလိုဖြစ်သည်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြီးခဲ့သည့်ဇူလိုင်လက ဝန်ကြီးဌာနနှင့် UNFPA ဌာနေကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးမှုအပေါ် ညှိနှိုင်းခဲ့သည့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူဦးရေနေအိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ကိစ္စရပ်များနှင့်ပတ်သက်၍ UNFPA ရုံးချုပ်၏ သဘောထားပြန်ကြားချက်အပေါ် ဝန်ကြီးဌာနအနေဖြင့် သုံးသပ်ဆောင်ရွက်မှု၊ UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ် ခန့်အပ်နိုင်ရေးအတွက် အမည်စာရင်း ပေးပို့ထားမှုအပေါ် ဝန်ကြီးဌာန၏ သဘောထား ပြန်ကြားထားမှု၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် နှစ်ကာလရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့မှုနှင့် လက်ရှိအခြေအနေတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ဒုတိယဝန်ကြီး ဦးငွေလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပူတာအိုမြို့နယ်၌ စပါးအထွက်နှုန်း တိုးတက်လာစေရေး သဘာဝမြေဩဇာကြဲပက်

**ပူတာအို ဩဂုတ် ၃၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ မျိုးစေ့ထုတ်စိုက်ခင်းအား စပါးအထွက်နှုန်းတိုးတက်လာစေရေးအတွက် စူပါအီးအမ်ဘိုကာရှီ သဘာဝမြေဩဇာ ကွင်းသရုပ်ပြကြဲပက်ခြင်းကို ဩဂုတ် ၃၁ ရက်က ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက် မတ်ပန်ကွင်းရှိ မြို့နယ်စိုက်ပျိုးရေးဌာနပိုင် လယ်မြေ ငါးကေ၌ ကျင်းပသည်။

ထိုသို့ ကွင်းသရုပ်ပြသရာတွင် ပူတာအိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ခိုင်က သဘာဝမြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးကျ ရောစပ်သုံးစွဲနိုင်ရေးအတွက် တောင်သူများအား ပုလဲဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စူပါအီးအမ်ဘိုကာရှီသဘာဝမြေဩဇာ ကွင်းသရုပ်ပြကြဲပက်နေမှုများကို တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်များနှင့် ဝန်ထမ်းများ၊ တောင်သူများက လေ့လာကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **ဖုန်းကန်(ပူတာအို)**

*စာမျက်နှာ ၆ မှ*

နိုင်စွမ်းမရှိဘဲ အနောက်နိုင်ငံများကိုသာ မှီခိုအားကိုးနေရသည့်အဖြစ် ပုံဖော်နေသည်။ နိုင်ငံငယ်များ၏ ကြိုးပမ်းအားထုတ်မှုကို မေးမှိန်ဖျောက်ဖျက်နေသည် စသဖြင့် ဆွေးနွေးခဲ့ကြသည်။

### တစ်ဖက်သတ်ပုံဖျက်

သာဓကအားဖြင့် အိန္ဒိယနိုင်ငံ၏ အာကာသခရီးစူးစမ်းလေ့လာမှု အောင်မြင်မှုရလာသည်ကို အိန္ဒိယနိုင်ငံသားများသာမက အခြားနိုင်ငံသားများက ဝမ်းမြောက်ဝမ်းသာဖြစ်နေမှုများအား တခမ်းတနားဖော်ပြနေကြသည့်အချိန်တွင် အနောက်နိုင်ငံမီဒီယာများက ဖော်ပြနေသည့် အခြေအနေများ၊ အလားတူ တရုတ်နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ၊ တောင်အာဖရိကနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအစဉ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူသားချင်း စာနာထောက်ထားမှု စွမ်းဆောင်မှုများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူထုအကျိုးပြုဆောင်ရွက်ချက်များ စသည့် သတင်းကောင်းများကို ဖုံးကွယ်ပြီး ပဋိပက္ခ စသည့် မကောင်းသတင်းများကို အသားပေးဖော်ပြနေသည့် ၎င်းတို့ နိုင်ငံရေးမူဝါဒအတိုင်း တစ်ဖက်သတ် ပုံဖျက်ဖော်ပြနေသော အခြေအနေများကို ဖွင့်ထုတ်ခဲ့ကြသည်။

### ကိုယ်ပိုင်စဉ်းစားဉာဏ်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို ဖုံးကွယ်ပြီး အနုတ်လက္ခဏာဆောင်သည့် သတင်းများကိုသာ စွဲစွဲမြဲမြဲအသားပေးဖော်ပြနေသည်မှာ ကျင့်ဝတ်သိက္ခာ မစောင့်စည်းဘဲ အင်အားကြီးနိုင်ငံကြီးများ၏အလိုကျ ဘက်လိုက်ဆောင်ရွက်နေခြင်းသာဖြစ်သည်။ ယခုကျင်းပခဲ့သည့် မီဒီယာဖိုရမ်မှ ပေါ်ထွက်လာသည့် စုပေါင်းထုတ်ဖော် ဆောင်ရွက်မှုများသည် ဖျက်လိုဖျက်ဆီး ရည်ရွယ်ချက်များဖြင့် မီဒီယာကို အသုံးချပြီး ကြိုးကိုင်ဆောင်ရွက်နေမှုများကို တွန်းလှန်ဖယ်ရှားနိုင်ရေးခြေလှမ်းဖြစ်သည်။ မီဒီယာကို လက်နက်သဖွယ် အသုံးချနေသည့် အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုကဲ့သို့ တစ်စုတည်း၊ တစ်သံတည်း ထုတ်ဖော်ပြောဆိုသည့် ဖိုရမ်မှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မီဒီယာများ ပြန်လည်တုံ့ပြန်နိုင်ရန်အင်အားများ ဖြစ်စေသည်။ **အဆိုပါ မီဒီယာဖိုရမ်တွင် အဖွဲ့ဝင်မီဒီယာများအနေဖြင့် မိမိနိုင်ငံတိုးတက်ဖြစ်ထွန်းမှုများအပေါ် အာရုံစိုက်လုပ်ကိုင်ကြခြင်းဖြင့် အနောက်နိုင်ငံ မီဒီယာများ၏ လွှမ်းမိုးမှု၊ နှောင့်ယှက်မှုများမှ ကျော်လွှားနိုင်မည်၊ ၎င်းတို့၏ တစ်ဖက်သတ်ဖော်ပြမှုများကြောင့် ဖုံးကွယ်နေသည့် ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အန်တုရင်ဆိုင်နိုင်မှုနှင့် အလားအလာကောင်းများကို ဖော်ထုတ်နိုင်မည်ဟု ထုတ်ဖော်ခဲ့ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအပေါ် ထားရှိသည့် အနောက်မီဒီယာများ၏ မူဝါဒမှာ အစဉ်အဆက် မကောင်းသတင်းများ ထုတ်လွှင့်၍ တိုင်းပြည်ပျက်စီးရေးလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကောင်းသတင်းဆိုလျှင်လည်း သေးသိမ်အောင်၊ ပုံပျက်အောင် ပြောင်းပြန်လှန်မှောက်လုပ်ကြပြီး ယခုအခါ ယခင်ကထက်ပို၍ ပိုမိုအခြေအနေဆိုးရွားအောင် တင်ပြနေသည်ကို တွေ့ရမည်ဖြစ်သည်။ အနောက်နိုင်ငံကြီးများ၏ မူဝါဒ၊ အလိုကျ တစ်ထပ်တည်းကျ လုပ်ဆောင်လျက်ရှိရာ ဒီမိုကရေစီတန်ဖိုးထားသော၊ လွတ်လပ်သော စာနယ်ဇင်း မူဝါဒ၊ စာနယ်ဇင်းကျင့်ဝတ်တို့နှင့် မညီသည့် အဖျက်မီဒီယာများဟု ဆိုရမလိုဖြစ်သည်။**

> **“အနောက်နိုင်ငံများ၏ လက်ဝေခံမီဒီယာများသည် အနောက်နိုင်ငံများအလိုကျ မြန်မာနိုင်ငံသာမက ဝါဒမတူသောနိုင်ငံများ၊ နိုင်ငံငယ်များကိုပါ ပျက်စီးရာပျက်စီးကြောင်းကို တစိုက်မတ်မတ်ပြုလုပ်နေကြ၊ ပြုလုပ်နေဆဲဖြစ်သည်။ သတင်းစာကျင့်ဝတ်နှင့်ပတ်သက်၍ သတင်းစာဆရာကြီး ဂါးဒီးယန်ဦးစိန်ဝင်း ပြောကြားခဲ့သည့် “သတင်းစာဆရာတို့သည် အစိုးရနှင့် တိုင်းပြည်ကို ခွဲခြားနားလည်ထားဖို့လိုသည်။ အစိုးရဆိုသည်မှာ လူပုဂ္ဂိုလ်များဖြစ်၍ အစဉ်ပြောင်းလဲလျက်ရှိသည်။ တိုင်းပြည်ကား အစဉ်တည်တံ့လျက်ရှိသည်။ တိုင်းပြည်နှင့်လူထု အကျိုးမဲ့စေမည့်ကိစ္စမျိုး မည်သည့်အခါမျှ ရေးသားခြင်းမပြုရ။ အုပ်ချုပ်သောအစိုးရကို ကြောက်၍သော်လည်းကောင်း၊ ချစ်၍သော်လည်းကောင်း၊ မုန်း၍သော်လည်းကောင်း တိုင်းပြည်နှင့် လူထုအကျိုးမဲ့မည့်ကိစ္စများကို ရေးသားခြင်းမပြုရ” ဟူသောစကားသည် သတင်းသမားများ လိုက်နာအပ်သည့်အချက်ဖြစ်သည်”**

### အတင်းနှင့်အဖျင်း

ပြည်ပနိုင်ငံအခြေစိုက် လက်ဝေခံ၊ အလှူခံ၊ အထောက်ပံ့ခံ မြန်မာဘာသာအစီအစဉ် အမှုထမ်းများသည် မြန်မာနိုင်ငံသားများပင် ဖြစ်သည်။ မြန်မာအချင်းချင်း မြန်မာနိုင်ငံအပေါ်၊ မြန်မာနိုင်ငံသားများအပေါ် အမနာပ၊ မစားရဝခမန်း ဖျက်လိုဖျက်ဆီး ပြောဆိုနိုင်ကြသည်မှာ ရှက်ဖွယ်အလိလိဖြစ်သည်။ ကိုယ့်မြန်မာနိုင်ငံနှင့် ကိုယ့်မြန်မာလူမျိုးအပေါ် မထောက်ထားဘဲ အနောက်နိုင်ငံအလိုကျ သွားပုပ်လေလွင့်၊ အပုပ်ချ အပြစ်တင်ပြောဆိုနေမှုများ၊ တစ်ဆိတ်ကိုတစ်အိတ်၊ အမှန်ကိုအမှား၊ ချဲ့ကားပြောဆိုနေမှုများမှာ ဩချလောက်စရာဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံခေတ်ဆန်းစာပေ၏ ရှေ့ဆောင်လမ်းပြ စာရေးဆရာ၊ သတင်းစာဆရာကြီး သိပ္ပံမောင်ဝ၏ ပြောစကားကို သတိရမိသည်။ “သတင်းစာဟာ တရားစာမဟုတ်မှန်း လူတိုင်းသိသပေါ့၊ ဒါပေမယ့် အတင်းတွေ၊ အဖျင်းတွေ ကြားချင်ရင် ငါးစိမ်းတန်းကို သွားမှာပေါ့၊ ပိုက်ဆံတောင် မကုန်ဘူး။ သတင်းစာနဲ့ အဖျင်းစာကို မခွဲခြားတတ်တာ သတင်းစာဆရာတွေ အစားကျွန်တော်ဖြင့် ရှက်သဗျာ”ဟူ၍ဖြစ်သည်။

### ရေးသားခြင်းမပြုရ

အနောက်နိုင်ငံများ၏ လက်ဝေခံမီဒီယာများသည် အနောက်နိုင်ငံများအလိုကျ မြန်မာနိုင်ငံသာမက ဝါဒမတူသောနိုင်ငံများ၊ နိုင်ငံငယ်များကိုပါ ပျက်စီးရာပျက်စီးကြောင်းကို တစိုက်မတ်မတ် ပြုလုပ်နေကြ၊ ပြုလုပ်နေဆဲဖြစ်သည်။ သတင်းစာကျင့်ဝတ်နှင့်ပတ်သက်၍ သတင်းစာဆရာကြီး ဂါးဒီးယန်ဦးစိန်ဝင်း ပြောကြားခဲ့သည့် “သတင်းစာဆရာတို့သည် အစိုးရနှင့် တိုင်းပြည်ကို ခွဲခြားနားလည်ထားဖို့လိုသည်။ အစိုးရဆိုသည်မှာ လူပုဂ္ဂိုလ်များဖြစ်၍ အစဉ်ပြောင်းလဲလျက်ရှိသည်။ တိုင်းပြည်ကား အစဉ်တည်တံ့လျက်ရှိသည်။ တိုင်းပြည်နှင့်လူထု အကျိုးမဲ့စေမည့် ကိစ္စမျိုး မည်သည့်အခါမျှ ရေးသားခြင်းမပြုရ။ အုပ်ချုပ်သောအစိုးရကို ကြောက်၍သော်လည်းကောင်း၊ ချစ်၍သော်လည်းကောင်း၊ မုန်း၍သော်လည်းကောင်း တိုင်းပြည်နှင့် လူထု အကျိုးမဲ့မည့် ကိစ္စများကို ရေးသားခြင်းမပြုရ” ဟူသောစကားသည် သတင်းသမားများ လိုက်နာအပ်သည့်အချက်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည် အနောက်မီဒီယာများ၏ အပြုသဘောမဆောင်၊ အကောင်းမမြင်သည့် သဘောထားများကို နားလည်လာကြပြီဖြစ်သည်။ နေ့စဉ်နှင့်အမျှ အနောက်လက်ဝေခံမီဒီယာများ ထုတ်လွှင့်နေသော မကောင်းသတင်း၊ ပုံကြီးချဲ့ကားထားသောသတင်း၊ အမနာပ အတင်းအဖျင်းသတင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် နှိမ်ချချိုးဖျက်ထားသော သတင်း၊ ပျက်စီးရာ ပျက်စီးကြောင်းသတင်း၊ အနောက်နိုင်ငံနှင့် လက်ဝေခံနိုင်ငံများကို အသားပေးသောသတင်း၊ အကြမ်းဖက် အဖျက်သမားအားပေးသောသတင်း၊ မြှောက်ပင့်ပေးသောသတင်း၊ အများပြည်သူထင်ယောင်ထင်မှား ဖြစ်စေသောသတင်း၊ တွေဝေစေသောသတင်း၊ စိုးရိမ်ပူပန်စေသော သတင်းများကို မကြားလိုကြတော့၊ လက်မခံလိုတော့ပါကြောင်း။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

ယနေ့ ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ မေတ္တာအခါတော်နေ့အခမ်းအနားများကို စည်းကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။



ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အသံမစဲမေတ္တာပို့အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း၊ နတ်ပြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှန်းဂါထာ ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ပန်းစေတီများပင့်ဆောင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး **(အပေါ်ပုံ)** စေတီတော်ရင်ပြင်အထက်ပစ္စယာရှိပတ္တမြားမျက်ရှင် ဘုရားအာရုံခံတန်ဆောင်းမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများအား ပန်းစေတီများကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက်ဆရာတော် ဒေါက်တာဘန္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ဆရာတော် ဒေါက်တာဘန္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး ကျင်းပသည့် ၁၃၈၅ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွတ်ပွဲနှင့် ဓမ္မပူဇာမင်္ဂလာသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစေတီတော်ဂေါပကရုံးတွင်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက နတ်ပြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ခြင်းနှင့် ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် စေတီတော်ဂေါပက ဦးသိန်းဦးက မေတ္တာအခါတော်နေ့ မေတ္တာသုတ်ဓမ္မပူဇာ မင်္ဂလာထောပနာအား မြွက်ကြား၍ ဝတ်အသင်းအဖွဲ့များက မေတ္တာသုတ်အမွှန်းနှင့် မေတ္တာသုတ်ပါဠိတော်များကို ရွတ်ဆိုခြင်း မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။ ဆက်လက်၍ သက်လွတ်ပွဲကိုကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ငှက်များကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ – ကိုကိုဇော်(MNA)**

# ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဦးစီးဌာန ဓာတ်ခွဲခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (လေးထောင့်ကန်) တွင် မိုးစပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြေယာအသုံးချမှုနှင့်ပတ်သက်၍ တည်ဆဲလယ်ယာမြေဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး လိုအပ်သောအားပေးကူညီမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်ရှိ အပင်ဇီဝနည်းပညာဗဟိုဌာန၏ အပင်တစ်သျှူး မွေးမြူခြင်းလုပ်ငန်းများနှင့် အင်းစိန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲ၏ စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြေအသုံးချရေးဌာနခွဲ၊ ဓာတ်ခွဲခန်း (ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သီးထပ်စွမ်းအား တိုးတက်ရေးအတွက် အရေးကြီးသော မြေဆီလွှာ ကျန်းမာရေး ကောင်းမွန်အောင် စနစ်တကျ ကြိုးစားလုပ်ဆောင်ကြရန်၊ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်၍ ကျွမ်းကျင်ဝန်ထမ်းများ လက်ဆင့်ကမ်းမွေးထုတ်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) နှင့် ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန (CARTC) များ၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုစုခြင်းဆိုင်ရာ နည်းပညာများ ထွန်းကားစေရေးနှင့် သုတေသနဆိုင်ရာ လမ်းစဉ်များ ဖွံ့ဖြိုးရန် လိုအပ်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် GSI နည်းပညာအသုံးပြု၍ Census Units များ ကွင်းဆင်းရေးဆွဲ

**နောင်ချို ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် GSI နည်းပညာ အသုံးပြု၍ Census Units များ ကွင်းဆင်းမြေပုံရေးဆွဲခြင်းကို ပြည်သူ့အင်အားဦးစီးဌာန (နေပြည်တော်) မှ အကြီးတန်းစာရေး ဦးခီးရယ်ပါ သုံးဦးအဖွဲ့သည် ယမန်နေ့က နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (OSS) ရုံးခန်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ GSI နည်းပညာအသုံးပြု၍ Census Units များ ကွင်းဆင်းရေးဆွဲခြင်း လုပ်ငန်းများကို နောင်ချိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဦးဆန်းမင်းအောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် နောင်ချိုမြို့ပေါ် (၆) ရပ်ကွက်ကို ရပ်ကွက်မြေပုံနှင့် မြေပြင်အိမ်ခြေ၊ အိမ်ထောင်စုများအား Google Map ဖြင့် နယ်နိမိတ်ပိုင်းခြားခြင်း၊ လူဦးရေအလိုက် လမ်းအလိုက် ကောက်ကွက်ဖွဲ့ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူလင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်းနှင့် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွေးယယ် (ပြန်/ဆက်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gyi Group of Companies Limited. မှ တင်သွင်းလာသော JAC e–JS1 (EX10) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ရှစ်စီးနှင့် JAC e–J7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် ခုနစ်စီး၊ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူ ခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၆)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**



ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သရုပ်ပြသ**

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) နှင့် အခြေခံပညာ ကျောင်းများမှ အားကစားမောင်မယ်များက ဝူရှူး၊ အေရိုးဗစ်နှင့် ကျွမ်းဘားအားကစားတို့ကို သရုပ်ပြသကြသည်။

ဆက်လက်၍ ဟာသပညာရှင်များဖြစ်ကြသည့် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က ရယ်ရွှင်ဖွယ်ရာ ဟာသပျက်လုံးများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများ ပြည့်စုံနေရန်လိုကြောင်း၊ ထို့ကြောင့် အသိပညာ အတတ်ပညာ အပါအဝင် ဗလငါးတန်ဖွံ့ဖြိုးစေမည့် ပညာရေးစနစ် တစ်နည်းအားဖြင့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်နေပါကြောင်း၊ ဘက်စုံပညာရေးသည် ကျယ်ပြန့်ပါကြောင်း၊ ဘက်စုံပညာရေးတွင် ထူးချွန်ရမည့်၊ ရှိရမည့် အရည်အသွေးများ များစွာ ပါဝင်ပါကြောင်း။

**ပြုစုပျိုးထောင်**

လူငယ်များ စာပေအတတ်ပညာသာမက ဘဝအတွက် လိုအပ်သည့် အသိပညာများပါ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား လူငယ်များအနေဖြင့်လည်း ဘက်စုံထူးချွန်သည့် ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ဆရာ ဆရာမများကလည်း တပည့်သားသမီးများကို ဘက်စုံထူးချွန်သည့် နိုင်ငံတော်က အားထားရမည့် လူငယ်များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဆရာမကြီး ဒေါ်မေကျော့ရှင်းအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က လက်ခံရယူသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် ဆရာမကြီး ဒေါ်မေကျော့ရှင်းက အသိပညာနှင့် ကိုယ်ကျင့်တရားခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားရာတွင် မင်္ဂလာပါဆိုသည်မှာ အင်မတန် တန်ဖိုးရှိသည့် မြန်မာ့ယဉ်ကျေးမှု နှုတ်ခွန်းဆက်စကားဖြစ်ကြောင်း၊ လူကြီးလူငယ်၊ နံနက်၊ ညနေ အချိန်အခါမရွေး မင်္ဂလာပါ တစ်လုံးတည်း နှုတ်ဆက်ရုံဖြင့် မင်္ဂလာရှိသွားကြောင်း၊ ထို့ကြောင့် မင်္ဂလာပါဆိုသည့် စကားကို အမြဲတမ်းမမေ့မလျော့ဘဲ သုံးစွဲပေးရန် မှာကြားလိုကြောင်း၊ ကလေးများအနေဖြင့် မသိတာကို မေးမြန်းစေလိုကြောင်း၊ ဆရာ ဆရာမများကို ရိုသေလေးစားပြီး မေးမြန်းချင်သည့် ဆန္ဒရှိပါက မေးမြန်းစေလိုကြောင်း၊ လောကတွင် ကောင်းခြင်းနှင့် ဆိုးခြင်း နှစ်မျိုးတည်းသာ ရှိကြောင်း၊ ထို့ကြောင့် မိမိ၏ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာပြီး ကောင်းခြင်း ဆိုးခြင်းကို သိအောင် စဉ်းစားရမည်ဖြစ်ပါကြောင်း။

ပညာတွင် အသိပညာနှင့် အတတ်ပညာဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ကလေးတို့အနေဖြင့် အသိပညာရရန်အတွက် စာများများဖတ်ရန် လိုအပ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ကောင်းခြင်း ဆိုးခြင်းကိုလည်း ခွဲခြားနိုင်ကြောင်း၊ လောကတွင် စိတ်သည်လည်း အဓိက အရေးကြီးကြောင်း၊ စိတ်ကို ဖြူစင်အောင် ထားရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားဟု ဆိုရာတွင် ဗုဒ္ဓဘာသာတွင် ငါးပါးသီလရှိကြောင်း၊ မူးယစ်ဆေးဝါးကို လုံးဝရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားအပြင် ကိုယ်ပိုင်အကျင့်တရားလည်း ရှိကြောင်း၊ ကိုယ်ပိုင်အကျင့်တရားဆိုသည်မှာ ကိုယ်ကိုယ့်ကိုယ် ကောင်းအောင် ပြုမူ ပြုပြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မကောင်းသည့် အရာများကို လုံးဝရှောင်ကြဉ်ပြီး ဘဝကို အောင်မြင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း စသဖြင့် ကျောင်းသားကျောင်းသူများအား အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ မြန်မာ့အသံ ဓာတ်ပြားရ တေးသီချင်းဖြစ်သော "ဆရာမတို့ ငယ်ငယ်တုန်းက ...." သီချင်းကို နောက်ခံတီးလုံးဖွင့်၍ သီဆိုပြသည်။

ဆက်လက်၍ MRTV– 4 ရုပ်သံမှ အနုပညာရှင်များဖြစ်ကြသည့် လူးကပ်စ်၊ နက်ရှိုင်းကို၊ သံစဉ်ဆည်းဆာနှင့် မေသင်းကိုတို့က မိတ်ဆက်စကား ပြောကြားကြသည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် ခန်းမအပြင်ဘက်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် အထင်ကရနေရာများကို ကျောင်းသား၊ လူငယ်များ ဗဟုသုတရရှိစေရန် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံ ပြပွဲခင်းကျင်းပြသခြင်း၊ ကျောင်းသား လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် စာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား) မှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ထားရှိပေးထားခြင်း၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခွက်နင်းလမ်းလျှောက် ပြိုင်ပွဲများ စီစဉ်ပေးထားခြင်း၊ MRTV – 4 ရုပ်သံမှ အနုပညာရှင်များက ကျောင်းသား ကျောင်းသူများနှင့်အတူ ပျော်ရွှင်ဖွယ် Game များ ကစား၍ အနိုင်ရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ ဟာသပညာရှင် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က အမှတ်တရ လက်မှတ်ရေးထိုးပေးခြင်း၊ ကလေးများနှင့် အတူ ဆော့ကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စား ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**




အားကစားမောင်မယ်များက ဝူရှူးအားကစား သရုပ်ပြသစဉ်။



ဆရာမကြီး ဒေါ်မေကျော့ရှင်း ဆွေးနွေးပြောကြားစဉ်။

❐ *ကျော့ဖုံးမှ*

ကြိုတင်ပြင်ဆင်ကစားခဲ့သည်။ မြန်မာ ယူ–၂၃ အသင်းသည် စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် အာရှဖလား ယူ–၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ်လူရွေးချယ်မည် ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ပြည်တွင်းလိဂ်ပြိုင်ပွဲအပြင် စက်တင်ဘာလအတွင်း စတင်ယှဉ်ပြိုင်ရမည့် AFC Cup ပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းတွင်မူ မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ–၂၃ အသင်းသို့ ပေးထားရသည့် ကစားသမားများမှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံခြားသားကစားသမားများလည်း ပါဝင်ကစားခဲ့သည်။

နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများ ရရှိသော်လည်း အဆုံးသတ်မသေချာသဖြင့် ဂိုးမရှိ သရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

❖ *ကျော့ဖုံးမှ*

နည်းပြမော်ရင်ဟိုနှင့် ပြန်လည်ပေါင်းထုတ်နိုင်ရန်အတွက် လုပ်ခလစာဖြတ်တောက်မှုကို လက်ခံခဲ့ဖွယ်ရှိကြောင်း သိရသည်။

လူကာကူသည် စတန်းဖို့ဒ်ဘရစ်၌ စာချုပ်သက်တမ်း သုံးနှစ် ကျန်ရှိနေသေးသော်လည်း အမေရိကန်နိုင်ငံသို့ ရာသီအကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ချယ်ဆီးအသင်းနှင့် လိုက်ပါသွားခဲ့ခြင်း မရှိပေ။ ၎င်းသည် ၂၀၂၁–၂၂ ရာသီတွင် ချယ်ဆီးအသင်းအတွက် ၄၄ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၅ ဂိုး သွင်းယူပေးထားသည်။

နည်းပြ မော်ရင်ဟို၏ ရိုးမားအသင်းသည် စီးရီးအေပြိုင်ပွဲ ပွဲစဉ် (၂) အပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ် ရရှိထားသည်။ စက်တင်ဘာ ၂ ရက်တွင် ရိုးမားအသင်းအနေဖြင့် အသင်းကြီး အေစီမီလန်အသင်းနှင့် စီးရီးအေပွဲစဉ် (၃) ကို ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**အောင်ဇော်**

# ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်း အပတ်စဉ် (၃) ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၃၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်း အပတ်စဉ် (၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး သင်တန်းကျောင်း (AERDTC) ၌ ကျင်းပသည်။**



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် သင်တန်းသား သင်တန်းသူ ၆၁ ဦး တက်ရောက်ကြသည်။

**၁၀၀ ရာခိုင်နှုန်း စာရင်းကောက်ယူ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယား ကိန်းဂဏန်းများလိုအပ်သဖြင့် အရေးပါသည့် ကိန်းဂဏန်းများ ပြန်လည် တည့်မတ်နိုင်ရန် တိကျမှန်ကန်သော တိရစ္ဆာန်ကောင်ရေ စာရင်းများ ရရှိရေးအတွက် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကို (၅) နှစ်လျှင် တစ်ကြိမ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး တိရစ္ဆာန်ကောင်ရေစာရင်း ပြောင်းလဲမှုကို သိရှိနိုင်ရန် ကြားဖြတ်တိရစ္ဆာန်ကောင်ရေ စာရင်းများကို နှစ်စဉ် ကောက်ယူလျက်ရှိကြောင်း၊ ယခု ၂၀၂၃ ခုနှစ် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဒုတိယအကြိမ် ဆောင်ရွက်မည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုရှိ မြို့နယ် ၂၁၅ မြို့နယ်မှ ကျေးရွာအုပ်စု ရပ်ကွက်များ၏ ၂၀ ရာခိုင်နှုန်းကို ကွက်ပြည့်စာရင်းကောက်ယူသွားမည်ဖြစ်ကာ စီးပွားဖြစ်မွေးမြူရေးခြံစာရင်းကို ၁၀၀ ရာခိုင်နှုန်း စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိကြမည့် နည်းပညာအတွေ့အကြုံများကို ဝန်ထမ်းများအား ပြန်လည်သင်ကြားပြသပေးကြရမည့်သူများဖြစ်၍ မိမိကိုယ်တိုင်သိရှိနားလည်ရန်နှင့် မြေပြင်တွင်ကြုံတွေ့နိုင်မည့် အခြေအနေများကို ကြိုတင်မျှော်မှန်းပြီး သင်တန်းတွင် မေးမြန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ယာပုံ)**

**မွေးမြူရေးကဏ္ဍ စနစ်တကျဖွံ့ဖြိုးလာစေရေး**

မြန်မာနိုင်ငံတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၉၇၉-၁၉၈၀ ပြည့်နှစ်မှ ၁၉၉၃-၁၉၉၄ ခုနှစ်အထိ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက နှစ်စဉ် ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တိရစ္ဆာန်ကောင်ရေ စာရင်းအား မြေပြင်တွင် ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ စာရင်းကိန်းဂဏန်း တွက်ချက်နည်းဖြင့်သာ စာရင်းပြုစု မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ပြည်တွင်းအသားစားသုံးမှုတွင် အစားအစာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော သားငါးရိက္ခာဖူလုံစေရန်၊ ပြည်တွင်းပြည်ပဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော မွေးမြူထုတ်လုပ်မှုအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်၊ မွေးမြူရေးကဏ္ဍ စနစ်တကျဖွံ့ဖြိုးလာစေရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရေးပါသည့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်း၌ တာဝန်ယူ ဆောင်ရွက်ကြမည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးဌာနမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများနှင့် ၂၁၅ မြို့နယ်မှ မြို့နယ်ဦးစီးမှူးများအား တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး လုပ်ငန်းစဉ်များတွင် လုပ်ငန်းကျွမ်းကျင်မှုရှိပြီး စနစ်တကျ စီမံခန့်ခွဲနိုင်ရန် "တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်း" များကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

သင်တန်း၌ မြေပြင်ရှိ တိရစ္ဆာန်ကောင်ရေ စာရင်းများ စနစ်တကျကောက်ယူရာတွင် အသုံးပြုသည့် မေးခွန်းလွှာနှင့် Commcare Application တို့ကို စနစ်တကျ အသုံးပြုတတ်စေရေး၊ ကောင်ရေ စာရင်း ကိန်းဂဏန်းများ မှန်ကန်မြန်ဆန်ပြည့်စုံစွာ အစီရင်ခံတင်ပြနိုင်ရေးတို့အတွက် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ လက်တွေ့ကွင်းဆင်း လေ့ကျင့်မှုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးရွာအချို့တွင် ကွင်းဆင်း၍ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရငွေများ လျော်ကန်သင့်မြတ်မှုနှင့် အပြည့်အဝကောက်ခံရရှိမှု စစ်ဆေးခြင်း ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ် (၃၃) ကို "ရငွေများ လျော်ကန်သင့်မြတ်မှုနှင့် အပြည့်အဝကောက်ခံရရှိမှုစစ်ဆေးခြင်း" ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ပါမောက္ခဒေါက်တာခင်နိုင်ဦးက ယနေ့တွင် စစ်ဆေးရေး ဝန်ထမ်းများအနေဖြင့် ရငွေများစစ်ဆေးရာတွင် သတိပြုသင့်သည့် အချက်များကို သိရှိနိုင်ရန် "ရငွေများ လျော်ကန်သင့်မြတ်မှုနှင့် အပြည့်အဝ ကောက်ခံရရှိမှု စစ်ဆေးခြင်း" ခေါင်းစဉ်ဖြင့်



ဆွေးနွေးမည်ဟုသိရှိရသဖြင့် ရငွေဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိသည်များ၊ ဌာန၊ အဖွဲ့အစည်းများက လိုက်နာကျင့်သုံးရန် လိုအပ်နေသေးသည့် ကိစ္စရပ်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းအတွက် များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ဖြည့်စွက်ဆွေးနွေးလိုသည်များ၊ သိရှိလိုသည့် အချက်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး မေးမြန်းခြင်း၊ အပြန်အလှန် မျှဝေခြင်းတို့ဖြင့် စစ်ဆေးရေးလုပ်ငန်းများတွင် ပိုမိုထိရောက်အကျိုးရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်ဝင်းက ရငွေအမျိုးအစားများ၊ ရငွေဆိုင်ရာလိုက်နာရမည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ဌာန၊ အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်မှုများကို လက်တွေ့စစ်ဆေး တွေ့ရှိချက်များဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားစေရန်နှင့် အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ အသိပညာ မျှဝေဆွေးနွေးပွဲများကို ကျင်းပခဲ့သည်မှာ (၃၃) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမနှင့် အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ခန်းမတို့မှ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းမှ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ် သမဝါယမအသင်းစု (လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မောင်တော ဩဂုတ် ၃၁**

မောင်တောမြို့နယ် သမဝါယမအသင်းစု (လီမိတက်) ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစံရွှေနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ အမှုဆောင်ဒါရိုက်တာ အဖွဲ့အစီရင်ခံစာကို တာဝန်ရှိသူများက ဖတ်ကြားသည်။ ယင်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းဝင် ကိုယ်စားလှယ်များက အတည်ပြုကြောင်း ဆုံးဖြတ်ချက်ရယူကာ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အမှုဆောင်များအား အမှုဆောင်ဆုများ ပေးအပ်ပြီး စုဆောင်းငွေပေါ် အတိုးငွေကျပ် ၄၈၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုံရွာခရိုင်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**မုံရွာ ဩဂုတ် ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (မုန့်အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။



ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းက သင်ကြားပေးမည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကွတ်ကီးအမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုး၊ ပေါင်မုန့်အမျိုးမျိုး၊ တန်ဖိုးမြှင့်စားသောက်ကုန် ပြုလုပ်နည်း ၂၁ မျိုးတို့ကို စာတွေ့ လက်တွေ့ သင်ကြား ပို့ချပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စပါးခွံလောင်စာသုံး Gasifier နည်းပညာဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

စပါးခွံလောင်စာသုံး Gasifier နည်းပညာဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒေါက်တာချာလီသန်းနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဦးရင်မောင်ညွန့်နှင့် ဒေါက်တာ အောင်ဇေယျ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ နိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက်မှုဝန်ကြီးဌာနမှ တာဝန်ခံ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး Gasifier ဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် "စပါးခွံလောင်စာသုံး Gasifier နည်းပညာဆိုင်ရာကော်မတီ (Technical Committee)" နှင့် "စပါးခွံလောင်စာသုံး Gasifier နည်းပညာဆိုင်ရာ ဆပ်ကော်မတီ" တို့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ဓာတုအင်ဂျင်နီယာ အထူးပြုဘာသာရပ်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းချက်အရ မြန်မာနိုင်ငံအင်ဂျင်နီယာကော်စီမှ Gasifier လုပ်ငန်းအဖွဲ့ (MEngC–Gasifier Working Group–MGWG) ကို ပညာရှင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်များဖြစ်၍ အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆွေးနွေးရရှိလာသည့် နည်းပညာများကို Gasifier ထုတ်လုပ်သုံးစွဲသူများအား ဆက်လက်ဖြန့်ဝေပြီး Biomass မှတစ်ဆင့် လျှပ်စစ်ထုတ်လုပ်သုံးစွဲသည့် လုပ်ငန်းများအပြင် စီးပွားဖြစ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများကို တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များ၊ ဗဟုသုတများ၊ အတွေ့အကြုံများကိုအခြေခံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက Gasifier နှင့် ပတ်သက်၍ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် ကျင်းပခဲ့ပြီး ဆောင်ရွက်ရန်လိုအပ်သည့် အချက် (၃)ချက် ချမှတ်ခဲ့ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ဝန်ကြီးဌာနအနေဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ပတ်ဝန်းကျင်ထိခိုက်မှု အန္တရာယ်ကင်းရှင်းသည့် စပါးခွံလောင်စာသုံး Gasifier များ အသုံးပြုမှု ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် Gasifier အသုံးပြုမှု နည်းပညာနှင့် စပ်လျဉ်း၍ SOP (မူကြမ်း) ရေးဆွဲထားပြီး ကုန်ကြမ်းအသုံးပြုမှု၊ ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းသက်သာစေရေးစီမံဆောင်ရွက်မှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်များက တိုင်းဒေသကြီးအတွင်း စပါးခွံလောင်စာသုံး Gasifier များ သုံးစွဲနေမှု၊ ပတ်ဝန်းကျင်၊ လေထု၊ ရေထု၊ မြေထု ပျက်စီးမှုမရှိစေရေး အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးကြပ်မတ်နေမှု၊ သုံးစွဲသူများ တိုးတက်မြင့်မားရေးအတွက် ကူညီပံ့ပိုးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက Gasifier နည်းပညာဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့က Gasifier နည်းပညာဆိုင်ရာများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Gasifier ဆိုင်ရာဆောင်ရွက်ချက်များ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စပါးခွံလောင်စာသုံး နည်းပညာဆိုင်ရာဆပ်ကော်မတီ ဖွဲ့စည်းမှုနှင့် ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ Gasifier Working Group မှ Gasifier ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော လျှပ်စစ်ဓာတ်အားရရှိရန် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် Gasifier များ တပ်ဆင်အသုံးပြုလျှင် လိုက်နာရမည့်အချက်များ၊ နည်းပညာလိုအပ်ချက်များကို ပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များ၊ ပြည်သူများကျန်းမာရေး ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအားတွေ့ဆုံပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

**စစ်တွေ ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း၌တွေ့ဆုံကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီးပြည်နယ်သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး မိမိတို့ဒေသများ၌ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ရေချမ်းပြင်ဆိပ်ကမ်း၌ တွေ့ဆုံကာ ဂုဏ်ပြုအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ (ဓာတ်ပုံ)



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ပြန်လည်ထူထောင်ရေးကာလတွင် ပြည်နယ်အတွင်း ကော်မတီ (၆) ရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ စာရင်းဇယားများ မှန်ကန်ရေးကို စနစ်တကျဖြင့် လုပ်ဆောင်ပေးကြစေလိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများပြီးမြောက်သွားသည့်အခါတွင် တိကျမှန်ကန်ပြီး စာရင်းဇယား စနစ်တကျဖြင့် မှတ်တမ်းများ ကျန်ရှိနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆိုင်ကလုန်း မုန်တိုင်းမိုခါနှင့် ပတ်သက်၍ မှတ်တမ်းပြုစုရေး (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီး မှတ်တမ်းထုတ်ပြန်နိုင်ရေး ပြုစုဆောင်ရွက်လျက် ရှိကြောင်း၊ လုပ်ငန်း ကော်မတီများကလည်း ကော်မတီအလိုက် ပြန်လည်ထူထောင်ရေးပစ္စည်းများ ရောက်ရှိမှု၊ ဖြန့်ခွဲမှုများမှတ်တမ်းမှတ်ရာများပြုစုပြီး ဖြန့်ခွဲရာတွင်လည်း မြို့နယ်အလိုက် ဖြန့်ခွဲမှုများကို အသေးစိတ် ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ MV CHARITY သင်္ဘောပေါ်မှ ဆန်အိတ်များတင်ချနေမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဆိပ်ကမ်း၌ MYIT KYI NA သင်္ဘောပေါ်မှ ဆန်အိတ်များနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုလှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင်တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် သုံးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး မင်းကင်းမြို့ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့တွင် ငါးပေခန့်နှင့် ကျောက်တော်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

## ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်

နေပြည်တော် ဩဂုတ် ၃၁

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာတွင် ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက တိုးမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းမှ အလျား ပေ ၆၀၊ အနံ ခြောက်ပေခန့် ပြိုကျမှုဖြစ်ပွားစဉ်။

မြို့နယ်(ပြန်/ဆက်)



## ဖျာပုံ၌ ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချ

ဖျာပုံ ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဧရာဝတီတိုင်းဒေသကြီး ကော်မတီ (၅) ဖျာပုံနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ဦးဆောင်မှုဖြင့် ဧည့်မထ (အချွန်)ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဩဂုတ် ၃၀ ရက်က ဖျာပုံမြို့ ဆန်စက်၊ ဆန်ကုန်သည်များအသင်းရုံးရှေ့၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဆန်စက်၊ ဆန်ကုန်သည်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဧည့်မထ(အချွန်) ဆန်တစ်ပြည်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် လူတစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်း ရောင်းချပေးလျက်ရှိသည်။

ဖျာပုံမြို့နယ်အနေဖြင့် ဧည့်မထ (အချွန်) ဆန် တစ်ပြည် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ နေ့ရက်အလိုက် နံနက် ၈ နာရီမှစတင်၍ ရောင်းချပေးမည်ဖြစ်ကြောင်း မြို့နယ် ဆန်စက်၊ ဆန်ကုန်သည်များအသင်းရုံးမှ သိရသည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့၌ မြစ်ကမ်းပြိုမှုကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

**သာယာဝတီ ဩဂုတ် ၃၁**

သာယာဝတီမြို့နယ်၌ ဩဂုတ် ၃၀ ရက်က စံရွှေးကျေးရွာအုပ်စု စံရွှေးကျေးရွာတွင် မြစ်မခ မြစ်ကမ်းပြိုမှုကြောင့်ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက ထောက်ပံ့ငွေများ သွားရောက်ပေးအပ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သာယာဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများက စံရွှေးကျေးရွာမှ ဖျက်သိမ်းနေအိမ် ၁၃ လုံးအတွက် ပြောင်းရွှေ့စရိတ် ငွေကျပ် ၁၃၀၀၀၀၀၊ ၆၂ ဦး အတွက် ဆန်ရိက္ခာထောက်ပံ့ငွေ ငွေကျပ် ၁၃၀၂၀၀ စုစုပေါင်း ငွေကျပ် ၁၄၃၀၂၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Thu Lin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကပ်ခိုကျေးရွာနေ ကျော်သူလင်း(ခ) အညာသားအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဆကာကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗြိတိန်ကာကွယ်ရေးဝန်ကြီး ရာထူးမှ နုတ်ထွက်စာတင်



ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘန်ဝေါလေ့စ်။

**လန်ဒန် ဩဂုတ် ၃၁**

ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘန်ဝေါလေ့စ်သည် ရာထူးမှနုတ်ထွက်လိုကြောင်း စာတစ်စောင်ကို ဝန်ကြီးချုပ် ရီရှီဆူနက်ခ်ထံ ဩဂုတ် ၃၁ ရက်တွင် ပေးပို့ကြောင်း အစိုးရထံမှ သိရသည်။

ဝေါလေ့စ်အား ဘောရစ်ဂျွန်ဆင်အစိုးရ လက်ထက် ၂၀၁၉ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ် အဖြစ် ခန့်အပ်ခဲ့သည်။ လေးနှစ်အကြာ တာဝန်ထမ်းဆောင်ပြီးနောက်တွင် ရာထူးမှနုတ်ထွက်လိုကြောင်း ပြီးခဲ့သည့်လက ပြောကြားခဲ့မှုနှင့်အတူ လာမည့် အထွေထွေရွေးကောက်ပွဲတွင်လည်း လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုကြောင်း ပြောကြားသည်။

၎င်းသည် ၂၀၀၅ ခုနှစ်က လွှတ်တော်ကိုယ်စားလှယ်နေရာရရှိခဲ့ပြီး နှစ်ပေါင်းများစွာကြာပြီးနောက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်နှင့် အခွင့်အလမ်းသစ်များကို ရှာဖွေရန်အချိန်တန်ပြီဖြစ်ကြောင်း ၎င်း၏ နုတ်ထွက်စာနှင့်ပတ်သက်၍ ပြောကြားသည်။

နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်ကို မဖြုတ်တောက်သင့်ကြောင်း၊ ယင်းအသုံးစရိတ်ကို အစိုးရက "လိုသလိုသုံးခြင်း"ဟု မရှုမြင်သင့်ကြောင်းနှင့် ကာကွယ်ရေးတွင် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သင့်ကြောင်း ၎င်း၏ နုတ်ထွက်စာတွင် အကြံပြုခဲ့သည်။ နိစ္စဓူဝ တာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ပြီးနောက် ဝေါလေ့စ်၏ ရာထူးက နုတ်ထွက်လိုသည့်ဆန္ဒကို အပြည့်အဝနားလည်ကြောင်း ဝန်ကြီးချုပ် ဆူနက်ခ်က တုံ့ပြန်ပြောကြားထားသည်။

**ဆင်ဟွာ**

# တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘာ့ဂ်မြို့၌ အဆောက်အအုံမီးလောင်မှုကြောင့် သေဆုံးသူ ၇၃ ဦးအထိရှိလာ

**ဂျိုဟန်နက်စ်ဘာ့ဂ် ဩဂုတ် ၃၁**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘာ့ဂ်မြို့လယ်ရှိ အဆောက်အအုံတစ်လုံး ဩဂုတ် ၃၁ ရက်တွင် မီးလောင်မှု ဖြစ်ပွားခဲ့သောကြောင့် သေဆုံးသူ ၇၃ ဦးရှိပြီး ဒဏ်ရာရရှိသူ ၄၃ ဦး ကျော် ရှိလာပြီဖြစ်ကြောင်း အရာရှိတစ်ဦးက ဩဂုတ် ၃၁ ရက်တွင် ပြောသည်။

ဩဂုတ် ၃၁ ရက် နံနက် ၁နာရီခွဲတွင် ငါးထပ်အဆောက်အအုံ မီးလောင်ခဲ့သည်ဟု ဂျိုဟန်နက်စ်ဘာ့ဂ်ရှိ အရေးပေါ်ကိစ္စရပ်များ စီမံခန့်ခွဲရေးဝန်ဆောင်မှုမှ ပြောရေးဆိုခွင့်ရှိသူ ရောဘတ် မလာဇီက ပြောသည်။

မီးလောင်ရာနေရာသို့ မီးသတ်သမားများ ရောက်ပြီးမကြာမီ အဆောက်အအုံအတွင်းမှ လူများကို ကယ်ဆယ်မှုများ ပြုလုပ်ခဲ့သည်။ အခင်းဖြစ်ပွားရာ နေရာတွင်ပင် လူ ၁၀ ဦး သေဆုံးနေသည်ကိုတွေ့ရပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ၎င်းကဆက်ပြောသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းကိုမူ ဆက်လက်စုံစမ်းဆဲဖြစ်သည်။ မီးလောင်မှုဒဏ်ခံစားခဲ့ရသည့် မိသားစုဝင်များ သက်သာချောင်ချိရေး ကိစ္စများ ဆောင်ရွက်ပေးရန် ဂျိုဟန်နက်စ်ဘာ့ဂ် အရေးပေါ်ကိစ္စရပ်များ စီမံခန့်ခွဲရေး ဝန်ဆောင်မှုမှ ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**



မီးသတ်သမားများ မီးငြိမ်းသတ်နေကြသည်ကို တွေ့ရစဉ်။

# ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ၂၀၂၄ ဘဏ္ဍာနှစ် ဘတ်ဂျက်အတွက် ယန်း ၇ ဒသမ ၇ ထရီလီယံ တောင်းခံထား

**တိုကျို ဩဂုတ် ၃၁**

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာနှစ်ဘတ်ဂျက်တွင် ယန်း ၇ ဒသမ ၇၄ ထရီလီယံ သို့မဟုတ် ဒေါ်လာ ၅၃ ဘီလီယံခန့် တောင်းခံထားသည်။

ဝန်ကြီးဌာနသည် အစိုးရဝန်ကြီးဌာနများနှင့် အေဂျင်စီများ၏ ဘတ်ဂျက်တောင်းခံမှုများကို တင်ပြရန် နောက်ဆုံးရက်ဖြစ်သော ဩဂုတ် ၃၁ ရက်တွင် ဤစံချိန်တင်ပမာဏကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ဘဏ္ဍာနှစ်သည် ဂျပန်အစိုးရ၏ ကာကွယ်ရေးစွမ်းရည်ကို ထိထိရောက်ရောက် မြှင့်တင်ရေး ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သည်။

တောင်းဆိုထားသည့် ဘတ်ဂျက်ပမာဏအတွင်း ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အေဂျစ်ပုံ့ထိန်းဒုံးကျည်ကြားဖြတ်စနစ် တပ်ဆင်ထားသော ဖျက်သင်္ဘောနှစ်စင်းကို တည်ဆောက်ရန်အတွက် ယန်း ၃၈၀ ဘီလီယံ သို့မဟုတ် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံနီးပါး လျာထားကြောင်း သိရသည်။ နည်းပညာဆိုင်ရာ အကြောင်းပြချက်များကြောင့် စွန့်လွှတ်ခဲ့ရသည့် မြေပြင်အခြေစိုက် အေဂျစ်ပုံ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို အစားထိုးရန်အတွက် အဆိုပါသင်္ဘောနှစ်စင်းကို တည်ဆောက်မည်ဖြစ်သည်။ အဆိုပါ သင်္ဘောသစ်နှစ်စင်းကို ၂၀၂၇ ခုနှစ်တွင် ပထမဆုံးအသုံးပြုရန် ရည်မှန်းထားသည်။

ထို့အတူ အသံထက်မြန်သည့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်သည့် ဒုံးကျည်အမျိုးအစားသစ်ကိုလည်း တီထွင်ထုတ်လုပ်ရန် လျာထားသည့်အပြင် အရေးပေါ်အခြေအနေမျိုးတွင် ဂျပန်နိုင်ငံအနောက်တောင်ဘက်ရှိ ကျွန်းများသို့ ကုန်ပစ္စည်းများနှင့် အမှုထမ်းများကို အမြန်ပို့ဆောင်နိုင်ရေး ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ထောက်ပံ့ပို့ဆောင်ရေးယူနစ်ကို ထူထောင်ရန်အတွက် ကုန်ကျစရိတ်များနှင့် ရွေ့လျားသွားလာနိုင်သော စွမ်းရည်မြင့် သင်္ဘောငယ်များ ဝယ်ယူရန်အတွက်လည်း ဘတ်ဂျက်တောင်းခံမှုတွင် ထည့်သွင်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ဟာရီကိန်းအီဒါလီယာကြောင့် လေကြောင်းခရီးစဉ်ပေါင်း ၉၀၀ ကျော် ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဩဂုတ် ၃၁**

ဟာရီကိန်း မုန်တိုင်း အီဒါလီယာသည် ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက အမေရိကန်ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာသည့်အတွက် အမေရိကန် အရှေ့တောင်ပိုင်း တစ်လွှား ခရီးသွားလာမှုများ နှောင့်နှေးခဲ့ရပြီး လေကြောင်းခရီးစဉ်ပေါင်း ၉၀၀ ကျော် ဖျက်သိမ်းခဲ့ရသည်။

ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါရှိ ဆောက်ဝက်စ် လေကြောင်းလိုင်းမှ ခရီးစဉ်ပေါင်း ၂၀၀ ကျော် ဖျက်သိမ်းခဲ့ရသည်။ အတ္တလန္တာ အခြေစိုက် ဒယ်တာ လေကြောင်းလိုင်းမှာလည်း ခရီးစဉ်ပေါင်း ၁၅၀ ဖျက်သိမ်းခဲ့ရသည်။ ဖလော်ရီဒါရှိ ဂျက်ဆင်ဗီလ်နှင့် ဆဲရာဆိုတာရှိ အသွားအပြန် ပြေးဆွဲနေကြသည့် လေကြောင်း ခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရသည်။




အဆိုပါမုန်တိုင်းမှာ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာသည်နှင့် သက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် ခရီးသွားများအနေဖြင့် လေဆိပ်သို့မသွားမီ မိမိတို့၏ ခရီးစဉ်များကို စစ်ဆေးကြရန် လေကြောင်းပျံသန်းမှု ဇဟိုကွပ်ကဲရေးအဖွဲ့က ဩဂုတ် ၃၀ ရက်တွင် ပြောသည်။

အမျိုးသားမီးရထား ကော်ပိုရေးရှင်းဖြစ်သည့် အမ်ထရပ်ခ်သည်လည်း ဖလော်ရီဒါနှင့်ပြေးဆွဲနေသည့် ရထားခရီးစဉ်များကို ဖျက်သိမ်းခဲ့သည်။ မုန်တိုင်းဖြစ်ပွားသည့်နေရာများကို ရှောင်ရှားရန်အတွက် လမ်းကြောင်းချို့ခြင်းများလည်း ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၇ ဘီလီယံ တန်ဖိုးရှိစာချုပ် အာဖဂန်ချုပ်ဆို

**ကဘူးလ် ဩဂုတ် ၃၁**

အာဖဂန်နစ္စတန် သတ္တုတွင်းနှင့်ရေနံဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ ကုမ္ပဏီခုနစ်ခုနှင့် ဩဂုတ် ၃၁ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့သည်ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန် ဒေါ်လာ ၆ ဒသမ ၆၅ ဘီလီယံတန်ကြေးရှိသည့်စာချုပ်တွင် ရွှေ၊ ကြေးနီ၊ ခဲ၊ သွပ်နှင့် သံရိုင်းများတူးဖော်ခြင်းလုပ်ငန်းများ ပါဝင်သည်ဟု ဖော်ပြထားသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် တိုင်းပြည်၏စီးပွားရေးအခြေအနေသည်လည်း သိသိသာသာ တိုးတက်လာမည်ဟု ဝန်ကြီးဌာနက ပြောသည်။

၂၀၂၁ ခုနှစ် အာဖဂန်နစ္စတန်နိုင်ငံကိုထိန်းချုပ်ပြီးနောက် အာဖဂန်ယာယီအစိုးရသည် သတ္တုနှင့်ရေနံတူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကုမ္ပဏီများနှင့် စာချုပ်များဆက်တိုက်ချုပ်ဆိုခဲ့သည်။ **ဆင်ဟွာ**

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(SOP)ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**ဘားအံ ဩဂုတ် ၃၁**

နိုင်ငံတော်၏ မြေသယံဇာတများကို အကျိုးရှိစွာ အသုံးချစေရေး၊ စိုက်ပျိုးမြေများမလျော့ပါးစေရေး၊ တိုးပွားလာသော ပြည်သူလူထုနေထိုင်နိုင်ရန် မြေလုံလောက်မှုရှိစေရေး၊ ဖွံ့ဖြိုးတိုးတက်လာသော စက်ရုံ၊ အလုပ်ရုံများ မြေနေရာလုံလောက်စွာရရှိရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် (Standard Operation Procedure–SOP) ပေါ်ထွက်လာစေရေးအတွက် လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ(ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



ဦးစွာ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) ရေးဆွဲပြုစုရေး ပြည်နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုမှုများ ရှိနေသည့်အတွက် ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် အခြေအနေ၊ နောက်ခံသမိုင်းတို့ကို သိရှိအောင် ဆောင်ရွက်၍ စာရင်းကောက်ယူပြုစုပြီး ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် လေ့လာဆန်းစစ်ရန်လိုကြောင်း၊ မှန်ကန်ရိုးသားစွာ လုပ်ဆောင်နေသူများ နစ်နာမှုမရှိစေရေး အကြံပြုတင်ပြပေးစေလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် (SOP) ရေးဆွဲပြုစုရေး ပြည်နယ်လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး တွဲဖက်အတွင်းရေးမှူး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်က SOP ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ရမည့်အခြေအနေနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**ပဲခူး ဩဂုတ် ၃၁**

ရခိုင်ပြည်နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ပဲခူးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၃၀ ရက်က ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးရှိ ရှာဖွေကယ်ဆယ်ရေးတပ်ခွဲသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့မှုများကို ၁၀ ရက်အတွင်း ဖယ်ရှားရှင်းလင်းနိုင်ခဲ့သဖြင့် နိုင်ငံ့အကြီးအကဲများ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံခဲ့ရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင်ရေး ဆောင်ရွက်ရတာဖြစ်၍ အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို အနိုင်ယူနိုင်ကြစေလိုကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဂုဏ်ပြုခံ မီးသတ်တပ်ဖွဲ့ဝင်များ ကိုယ်စား မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။ (ယာပုံ)



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရခိုင်ပြည်နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများတွင် ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးမြို့၌ ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကျင်းပ

**မကွေး ဩဂုတ် ၃၁**

ဥပဒေရေးရာဝန်ကြီးဌာန (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၃၀ ရက်က မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပါမောက္ခ ဦးလှအောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်၊ ခရိုင်/မြို့နယ် ဥပဒေအရာရှိများနှင့် အမှုထမ်း ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေက တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် ခရိုင်/မြို့နယ်ဥပဒေရုံးများအနေဖြင့်လည်း ဝန်ကြီးဌာနမှ ချမှတ်ထားသည့် လုပ်ငန်းတာဝန်များ ရည်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ဥပဒေရေးရာဝန်ကြီးဌာန (၂) နှစ်ပြည့်အထိမ်းအမှတ် အမှတ်တရစကားပြောကြားခဲ့ပြီးနောက် အရာထမ်း၊ အမှုထမ်းများ အချင်းချင်း အမှတ်တရလက်ဆောင် လဲလှယ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုစည်သူ**

# မော်လိုက်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

**မော်လိုက် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အ.ထ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းအိခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဝင်းနှင့် ကျောင်းသား ကျောင်းသူများက “လူငယ်နှင့် မူးယစ်ဆေး”၊ “လူငယ်နှင့်စာရိတ္တ”၊ “လူငယ်နှင့်အားကစား” ၊ “လူငယ်နှင့်သဘာဝပတ်ဝန်းကျင်”၊ “လူငယ်နှင့်ယဉ်ကျေးမှု”၊“လူငယ်နှင့်စာပေ”ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇေယျာ (ပြန်/ဆက်)**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား “လှပသာယာ ပြည်မြန်မာ”ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မအရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ – ၁၀– ၂၀၂၃ ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၃၇၁၃၄၂၊ ၀၁၈–၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေ

နေပြည်တော် ဩဂုတ် ၃၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှအဆက်)*

**Sankei Shimbun သတင်းဌာနမှ ဒေါက်တာဇော်သန်းက** မိမိအနေဖြင့် မေးမြန်းလိုသည့် မေးခွန်းနှစ်ခုရှိပါကြောင်း၊ အစောပိုင်းက ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောသွားသည့်အထဲတွင်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အကြောင်းအရာတော်တော်များများကို ရှင်းလင်းဖော်ပြသွားသည်ကိုလည်း တွေ့ရပါကြောင်း၊ မိမိ၏ ပထမမေးခွန်းအနေဖြင့် အနာဂတ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ လုံခြုံရေးအရ ပြည်သူလူထုကြားတွင် စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ ဒုတိယမေးခွန်းအနေဖြင့် ဒေါ်လာဈေးနှင့်ရွှေဈေးကို ထိန်းချုပ်နိုင်ရန်အတွက် Task Force ဖွဲ့စည်းထားသည်ဟု သိရှိရပါကြောင်း၊ ထိုအဖွဲ့၏ဆောင်ရွက်မှုများကို သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိအနေဖြင့် သတင်းထောက်ကြီးမေးမြန်းသည့်မေးခွန်းနှစ်ခုအနက် ပထမမေးခွန်းကို ပြန်လည်ဖြေကြားမည်ဖြစ်ကြောင်း၊ ဒုတိယမေးခွန်းကိုမူ ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်မှ ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုတင်ပြရာတွင် Option နှစ်ခုကို တင်ပြခဲ့ကြောင်း၊ ပထမအချက်မှာ လတ်တလောတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်လျက်ရှိသေးသည့်အတွက် အချို့သောနေရာများတွင် မတည်ငြိမ်မှုများရှိနေသေးကြောင်း၊ ထိုနေရာများကို ချန်လှပ်၍ ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဖြစ်မနေ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် မိမိတို့လုပ်ဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်သည့် အခင်းအကျင်းများရှိသည်ဟု မိမိတို့ပြောခဲ့ကြောင်း၊ အကျိုးအပြစ်များကိုလည်း မိမိတို့ပြောခဲ့ကြောင်း၊ ရွေးကောက်ပွဲများကိုပြန်ကြည့်ပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်ရှိကြောင်း၊ ယခင်က ရွေးကောက်ပွဲကို မြို့နယ် ၃၃၀ မြို့နယ်တွင် လုပ်ခဲ့ကြောင်း၊ ထို့နောက် ၃၂၅ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်ဟူ၍ အသီးသီးကျင်းပလုပ်ဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ၃၁၅ မြို့နယ်တွင် ဆောင်ရွက်ခဲ့သော်လည်း အချို့သောတိုင်းရင်းသားများ၏ ဒေသများတွင် မလုပ်ပေးနိုင်သဖြင့် တိုင်းရင်းသားများက ပြောဆိုခဲ့သည့်ကိစ္စများ ရှိခဲ့ကြောင်း၊ ယခုကဲ့သို့သောအချိန်တွင် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ကျင်းပပေးမည်ဆိုပါက ထို ၃၁၅ မြို့နယ်ထက် လျော့နည်းသွားနိုင်ကြောင်း၊ အဓိကအားဖြင့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးဆုံးရှုံးသွားနိုင်ကြောင်း၊ ထို့ကြောင့် စဉ်းစားသင့်သည်ဟု ပြောခဲ့ကြောင်း၊ ဒုတိယအချက်ဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲ မဖြစ်မနေကျင်းပမည်ဆိုပါက ရွေးကောက်ပွဲကာလအတွင်း ခြိမ်းခြောက်မှုများနှင့် ဗုံးဖောက်ခွဲ၍ နှောင့်ယှက်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပခြင်းမဟုတ်ဘဲ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ရာ၌ပင် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရကြောင်း၊ အလားတူ ကြိုတင်သန်းခေါင်စာရင်း ကောက်ယူရာတွင်လည်း အကြမ်းဖက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်ကို တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် မိမိတို့၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် ပထမအချက်တွင်ပါဝင်သည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် လုံခြုံရေးနှင့်ပတ်သက်၍ဖြစ်စေ၊ တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ဖြစ်စေ အလေးထားဆောင်ရွက်မည်ဟု ဆိုသည့်အတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပါက ကျန်ရှိသည့်အချိန်များတွင် တိုးမြှင့်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပနိုင်ရန်အတွက် လုံခြုံရေးကိုဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့်အခင်းအကျင်းများဖြစ်သည့် မဲစာရင်းမှန်ကန်နိုင်ရေး အခင်းအကျင်းများနှင့် နည်းဥပဒေလုပ်ထုံးလုပ်နည်း မှန်ကန်နိုင်ရေး အခင်းအကျင်းများကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။



Sankei Shimbun သတင်းဌာန ဒေါက်တာ ဇော်သန်း

**ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်**က ဖြည့်စွက်ဖြေကြားရာတွင် မိမိအနေဖြင့် သတင်းထောက်ကြီးမေးမြန်းခဲ့သည့် မေးခွန်းနှစ်ခုအနက် ဒုတိယမေးခွန်းကို ဖြေကြားပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရွှေဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်းများ မြင့်တက်လာသည့်အချိန်မှသာ ထိုကိစ္စနှင့်ပတ်သက်သည့် အသင်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ ယခင်ကတည်းကပင် ထိုကိစ္စများနှင့်ပတ်သက်သည့်အခြေအနေကို ပုံမှန်ထိန်းကျောင်းလျက်ရှိသည်ဟု ဦးစွာပြောလိုကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခု မိမိတို့ပြောသည့်လုပ်ငန်းကော်မတီကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ကတည်းကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး ဗဟိုကော်မတီဟူ၍ရှိကြောင်း၊ ထိုကော်မတီ၏အောက်တွင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး လုပ်ငန်းကော်မတီနှင့် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေး လုပ်ငန်းကော်မတီဟူ၍ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထိုလုပ်ငန်းကော်မတီများ၏အောက်တွင်လည်း ဆပ်ကော်မတီများအနေဖြင့် ရွှေဈေးကွက်စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေးဆပ်ကော်မတီ၊ ငွေကြေးဈေးကွက်စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေးဆပ်ကော်မတီနှင့် ငွေပေးချေမှုများတွင် ဘဏ်စနစ်အသုံးပြုမှုစိစစ်ကြပ်မတ်ရေး ဆပ်ကော်မတီဟူ၍ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကော်မတီများတွင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ပါဝင်ပါကြောင်း၊ ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးကလည်း ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီ၏ တွဲဖက်အတွင်းရေးမှူးကလည်း ထိုအဖွဲ့တွင် အတွင်းရေးမှူးအနေဖြင့် ပါဝင်ဆောင်ရွက်နေသည်ဟုပြောလိုကြောင်း၊ ထိုကော်မတီအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိဌာနများနှင့်သာမက UMFCCI ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်း စသည့် အသင်းအဖွဲ့များနှင့်ပါပေါင်းစပ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငွေကြေးဈေးကွက်နှင့်ပတ်သက်၍ လိုအပ်သည့်အချက်အလက်များ ကောက်ယူခြင်း၊ လိုအပ်သည်များနှင့်ပတ်သက်၍ စီမံ၍စောင့်ကြည့်ခြင်း၊ လိုအပ်သည့် အချက်အလက်များ ချပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးဈေးကွက်ကို ထိန်းသိမ်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Online Trading ဆောင်ရွက်နေသည်ဟုဆိုသည့်အပိုင်း ဖြစ်ကြောင်း၊ သေချာပေါက်ပြောလိုသည်မှာ မိမိတို့အနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ငွေကြေးဈေးကွက်တွင် တရားဝင် အဓိကဈေးကွက်ကြီးရှိပြီး ထိုဈေးကွက်၏ ပြင်ပတွင် တရားမဝင် မှောင်ခိုဈေးကွက်ရှိကြောင်း၊ တရားဝင်ဈေးကွက်တွင် သင့်တင့်မျှတသည့် ဈေးနှုန်း၊ မှန်ကန်သည့် ဈေးနှုန်းတစ်ခုကို ဖော်ဆောင်မည်ဖြစ်ပြီး ဈေးကွက်ပမာဏအနေဖြင့်လည်း ကြီးမားသည့် ဈေးကွက်ပမာဏရှိသည့် ဈေးကွက်ဖြစ်ကြောင်း၊ ထိုဈေးကွက်ကြီး မပျက်စီးစေရန် မိမိတို့အနေဖြင့် Online Trading ဟုဆိုသည့် ဈေးကွက်ဖြင့် ထိန်းလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ထိုဈေးကွက်မှာ မိမိအစောပိုင်းက ပြောသကဲ့သို့ ကြီးမားသည့် ဈေးကွက်ကြီးဖြစ်သဖြင့် Exporter များ၊ Importer များနှင့် ပတ်သက်၍ ထိန်းညှိ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုအွန်လိုင်းဈေးကွက်မှာ မည်သည့်အခြေအနေအထိ အာမခံ၍ရသည်ကို ပြောရမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပြောသွားသကဲ့သို့ FESC နှင့် ပတ်သက်သည့် Import လိုင်စင်များနှင့် Export လိုင်စင်များ ထုတ်ပေးထားကြောင်း၊ FESC မှ ထုတ်ပေးထားသည့် Import လိုင်စင်များနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Trade Policy အရ ထုတ်ပြန်ထားသည့် လိုင်စင်များဖြင့် နိုင်ငံခြားငွေပေးချေမှုအားလုံးနှင့် ပတ်သက်သည့်ကိစ္စအားလုံးကို Online Trading တွင် ရရှိနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဈေးကွက်ပေါ်တွင်ရှိနေသည့် ဈေးမှာ Market ဈေးဟု ပြောလိုခြင်းဖြစ်ကြောင်း၊ ကျန်သည့် တရားမဝင် ဈေးကွက်မှငွေအားလုံး မည်သည့်နေရာတွင် ရှိနေမည်ဆိုသည်ကို သတင်းထောက်ကြီးအနေဖြင့်လည်း ယခုလောက်ဆိုလျှင် ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ တရားဝင်ဈေးနှုန်းအပေါ်တွင် မူတည်၍ FESC၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများက ချပေးထားသည့် နိုင်ငံခြားငွေလွှဲပြောင်းမှုအားလုံးမှာ မိမိတို့ပေးနိုင်သည့်အနေအထားရှိကြောင်း၊ အွန်လိုင်းဈေးကွက်အပေါ်တွင် မိမိတို့အနေဖြင့် တချို့အရာများကို ထိန်းညှိပေးထားကြောင်း၊ ဈေးကွက်ကမောက်ကမ မဖြစ်စေရန်အတွက် ထိန်းညှိပေးထားခြင်း ဖြစ်ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် ၎င်းတို့ပေးချေရမည့် သတ်မှတ်အချိန်မတိုင်မီ အားလုံးရရှိနိုင်မည်ဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကို ဆွဲတင်ရန်မရှိဟု ပြောလိုကြောင်း၊ Exporter များ နိုင်ငံခြားငွေရသည်ဟု ပြောကြပါကြောင်း၊ ရှေ့ပိုင်းတွင် ဒုတိယဝန်ကြီးများ ပြောသွားသကဲ့သို့ ယခင်က ၆၅/၃၅ ရှိကြောင်း၊ မနှစ်က ယခုလိုအချိန်တွင် ယခုကဲ့သို့ပင် အများကြီးတက်ပါကြောင်း၊ အချက်အလက်များကို ပြန်ကြည့်လျှင်သိမည်ဖြစ်ကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ယခင်မိမိမတိုင်မီတွင်ရှိနေခဲ့သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ လက်ထက်ကပင် ယခုလိုပင် ထိန်းကျောင်းနေခဲ့ကြောင်း၊ ထိုအချိန်က မိမိတို့အနေဖြင့် ၆၅ / ၃၅ သတ်မှတ်ခဲ့ကြောင်း၊ ထိုအချိန်က ဆန်၊ ပဲ၊ ပြောင်းအပါအဝင် Exporter များ အားလုံးရရှိသည့်ပမာဏကို အမှန်တကယ်သာ တွက်ကြည့်မည်ဆိုပါက ၆၅/၃၅ ဖြစ်သည့်အတွက် ၆၅ က ၂၁၀၀၊ ၃၅ က ထိုအချိန်တွင် ၂၈၅၀ ရှိကြောင်း၊ ထိုအချိန်ကို ပြန်ကြည့်မည်ဆိုပါက ၎င်းတို့၏တန်ဖိုး(Average Rate)မှာ ၂၄၀၀ ပတ်ဝန်းကျင်တွင်သာရှိကြောင်း၊ ၆၅/၃၅ ကို FESC က သတ်မှတ်ခြင်းမှာ Exporter များအားလုံးက ထိုအရာနှင့်ပတ်သက်၍ ရှုံးလို့မရသည့်အတွက် အားလုံးနှင့်တွက်၍ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ FESC က သတ်မှတ်သည့် ဈေးနှုန်းအပေါ်မူတည်၍ မိမိတို့ဗဟိုဘဏ်က လိုအပ်သည့်ကိစ္စများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်ရာတွင်လည်း အကြောင်းမဲ့သတ်မှတ်ခြင်းမဟုတ်ဟု ပြောလိုကြောင်း၊ ကုန်ဈေးနှုန်းမတက်စေရန်အတွက် အဓိက ထိန်းကျောင်းရသည့်အရာမှာ စက်သုံးဆီဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် စက်သုံးဆီဈေးနှုန်းမတက်စေရန် လုပ်ဆောင်ရကြောင်း၊ ကုန်ဈေးနှုန်းမတက်ရန်အတွက် ထိန်းကျောင်းနေသည့်အချိန်မှာ အဓိကအများဆုံးပါဝင်နေသည်မှာ စက်သုံးဆီပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ ကုန်ဈေးနှုန်းမတက်ရန် မိမိတို့က ဆောင်ရွက်ကြောင်း၊ ထိုအချိန်၌ နိုင်ငံတကာ၏ စက်သုံးဆီ ဈေးနှုန်းမြင့်တက်လျက်ရှိသည့် အခြေအနေကြောင့် ပြည်တွင်း၌ စက်သုံးဆီဈေးနှုန်းအခြေအနေအများကြီးမြင့်တက်မသွားရန် မိမိတို့က ဒီဇယ်ဆိုလျှင် ၅၀ ရာခိုင်နှုန်းကို ၂၁၀၀ ကျပ်နှင့် ရောင်းကြောင်း၊ ကျန်သည့် ၅၀ ရာခိုင်နှုန်းကို Market မှရောင်း၍ ၂၈၅၀ ကျပ်နှင့် ရှိနေကြောင်း၊ ၎င်းတို့ရသည့် ကုန်ကျစရိတ်မှာ ၂၄၅၀ ကျပ်ဝန်းကျင်ဖြစ်ကြောင်းကို မိမိအနေဖြင့် ထောက်ပြလိုကြောင်း၊ ထိုအချိန်မှစ၍ ဩဂုတ်လနောက်ပိုင်းတွင် စက်သုံးဆီအားလုံးကို ပြည်ပမှ ထွက်ဝယ်သည့်အတွက်ကြောင့် အားလုံးဈေးတွေတက်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့် အပြင်ဘက်မှာ စက်သုံးဆီများကို ထွက်မဝယ်နိုင်းဘဲ ဗဟိုဘဏ်ကနေ Franchising ပေးခြင်းများ၊ တချို့ကို ရောင်းချပေးခြင်းများကို လုပ်လိုက်သည့်အချိန်တွင် ကုန်စျေးနှုန်း မည်မျှတည်ငြိမ်ခဲ့သည်ကို အားလုံးအသိပဲ ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ၆၅၊ ၃၅ မှ ၅၀၊ ၅၀ သို့ ဖြေလျှော့ပေးမှုမစခင် စျေးနှုန်းမှာ ၂၇၀၀ ကျပ်ထိ ကျခဲ့ကြောင်း၊ ယင်းအပေါ်မှာ စျေးကစားလာသည့်သူများ ရှိလာသည့်အတွက်ကြောင့် ပြန်တက်လာသည့် စျေးနှုန်းမှာ ၂၈၅၀ ကျပ် ဖြစ်သွားသည်ကို တွေ့ရကြောင်း၊ ထိုအချိန်တွင် မျှခြေဖြစ်သွားသည့်အတွက် ၂၈၅၀ ဝန်းကျင်တွင် အကြာကြီးဖြစ်နေကြောင်း၊ ၅၀၊ ၅၀ ပေးမည့်အချိန်မတိုင်ခင်က မိမိတို့မသိသေးသော်လည်း အပြင်၌ ကောလာဟလများ ထွက်နေကြောင်း၊ ထိုအချိန်၌ မိမိတို့ကော်မတီက စျေးနှုန်းနှင့်ပမာဏများကို သုံးသပ်နေကြောင်း၊ အားလုံးကိုခြုံကြည့်ပြီး ၅၀၊ ၅၀ ပေးလိုက်သည့်အခါ ဖြစ်ရမည့်စျေးနှုန်း Fair Price ၂၇၀၀ ရသည့်အချိန်တွင် Exporter တွေက ၂၀၅၀ ရသွားမည်ဖြစ်ကြောင်း၊ သို့သော် ၂၇၀၀ ဖြစ်သွားမည် စိုးသည့်အတွက် ထိုစျေးနှုန်းကို ထိုအချိန်ကတည်းကစပြီး ဆွဲတင်လိုက်သည်ကို သတိပြုစေလိုသည့်အတွက် ပြောခြင်းဖြစ်ကြောင်း၊ ငွေကြေးစျေးကွက်နှင့်ပတ်သက်၍ ဗဟိုဘဏ်၏ရည်ညွှန်းစျေးနှုန်းမှာ ၂၁၀၀ ကျပ် ဖြစ်ကြောင်း၊ Exporter နှင့် Importer ဖြစ်သည့် စက်သုံးဆီသမားများအပေါ်မူတည်၍ ၂၁၀၀ စျေးနှင့် မိမိတို့လုပ်ထားကြောင်း၊ ပျမ်းမျှသည် Market စျေးဖြစ်ပြီး Market စျေးအရ ပြန်ပြီးတွက်ရခြင်းဖြစ်သည့်အတွက်ကြောင့် Market စျေးသည် ကျပ် ၂၉၀၀ ဖြစ်ကြောင်း၊ အများဆုံး ကျပ် ၂၉၂၀ နှင့် ၂၉၂၂ အတွင်းဖြစ်ရန် မိမိတို့ထိန်းညှိပြီး ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ဒီစျေးက အနီးစပ်ဆုံးဖြစ်သည်ကို ငွေစျေးကွက်နှင့်ပတ်သက်ပြီး ပြောလိုကြောင်း၊ ရွှေစျေးကွက်နှင့်ပတ်သက်၍ ရွှေစျေးကွက်ကလည်း အရင်က ငွေကြေးစျေးကွက်နှင့်အတူ တက်နေသည့် အနေအထားတွေ့ရကြောင်း၊ ထိုအချိန်တွင် မိမိတို့က ရွှေနှင့်ပတ်သက်၍လေ့လာပြီး ဆွေးနွေးသည့်အခါ တွေ့ရသည်က ရွှေကိုမိရိုးဖလာစျေးနှင့် လုပ်ခဲ့ကြသည့်အတွက်ကြောင့် ထိုရွှေနှင့်ပတ်သက်၍ တွက်သည့် တွက်ချက်နည်းကို မိမိတို့ကြည့်ပါကြောင်း၊ ထိုရွှေရဲ့ One Troy Ounce မှာ ရှိနေသည့် နိုင်ငံတကာစျေးနှုန်းကနေမှ ဒေါ်လာစျေးနှုန်းကို သွားပါကြောင်း၊ ထို One Troy Ounce မှာရှိနေသည့်စျေးနှုန်းကို မြန်မာနိုင်ငံမှာရှိနေသည့် Market စျေးနှုန်းနှင့် မြှောက်ပါကြောင်း၊ ထို့နောက် One Troy Ounce မှာရှိသည့် ကျပ်သားနှင့်စားပါကြောင်း၊ ထိုနေရာ၌ ပြဿနာတစ်ခုရှိကြောင်း၊ မိမိတို့အစိုးရက သတ်မှတ်ထားသည့် Standard သည် One Troy Ounce နှင့်ပတ်သက်ပြီး ၁ ဒသမ ၉၀၄၇ ကျပ်သားရှိပါကြောင်း၊ သို့သော် ၎င်းတို့၏ မိရိုးဖလာစျေးနှုန်းအရ တွက်လျှင် One Troy Ounce ကို ၁ ဒသမ ၈၇၅ နှင့် စားပါကြောင်း၊ စားခြေကြီးသည့်ပေါ်မှာမူတည်၍ စျေးနှုန်းက တွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့တွက်သည်ဟု ပြောသည့်အတွက်ကြောင့် မိမိတို့က ထိုနည်းအတိုင်းသာ ထိန်းကျောင်းပါကြောင်း၊ ကမ္ဘာ့ရွှေစျေးတက်လာသည့်အခါ မိမိတို့ဒေါ်လာများသည် ၂၈၅၀ ပဲဖြစ်ကြောင်း၊ ကျန်သည့်ကုန်စျေးနှုန်းပဲ တက်တက် ၂၈၅၀ ဝန်းကျင်ခန့်မှာပင် တစ်နှစ်နီးပါး ထိန်းထားသည့် အနေအထားနှင့်ပတ်သက်ပြီး ပြောလိုခြင်းဖြစ်ကြောင်း၊ ထိုအချိန်၌ မိရိုးဖလာစျေးနှင့်လုပ်ခဲ့သူများသည် ကမ္ဘာ့ရွှေစျေးပေါ်မှာမူတည်၍ လိုက်တက်ကြောင်း၊ ကမ္ဘာ့ရွှေစျေး One Troy Ounce ၂၀၀၀ ကျော်လျှင် ထိုအတိုင်းတက်ကြောင်း၊ ကမ္ဘာ့ရွှေစျေး ရုတ်တရက်ကျသွားသည့်အချိန်တွင် ဒေါ်လာစျေးမကျကြောင်း၊ သို့သော် ၎င်းတို့၏ ရွှေစျေးက မကျသည့်အနေအထားကို မိမိတို့သွားတွေ့ရပါကြောင်း၊ ယခုကမ္ဘာ့ရွှေစျေးက ပြန်ကျသည့်အခါ၊ ပြန်ကျလာမည့်အရိပ်အယောင်မြင်သည့်အခါ ရွှေနှင့်ငွေဆက်စပ်ပြီး ငွေစျေးကိုပါ လိုက်တက်လာသည့်အနေအထားကို တွေ့ရကြောင်း၊ ရွှေစျေး၊ ငွေစျေးတက်သည်နှင့်ပတ်သက်၍ အဓိကမှာ ကောလာဟလကြောင့်တက်သည့် အချက်များလည်း အများကြီးပါသည်ကို တွေ့ရကြောင်း၊ ယခု ကမ္ဘာ့ရွှေစျေးကြီးက ကျလာသည့်အချိန် ၎င်းတို့က မိမိတို့ကို ပုံသေနည်းအတိုင်းသွားမည်ဟုပြောကြောင်း၊ ပုံမှန်ပုံသေနည်းအတိုင်း သွားမည်ဆိုလျှင် မြှောက်ရမည်မှာ ဒေါ်လာစျေးနှုန်းဖြစ်ကြောင်း၊ ထိုသို့မြှောက်ရမည့်အချိန်တွင် ဆွဲတင်ထားသည့် မှောင်ခိုစျေးနှုန်းနှင့် ဒေါ်လာစျေးနှုန်းမြှောက်၍ မရကြောင်းကို Market ပေါက်စျေးနှင့်ပတ်သက်ပြီး မိမိအတိအလင်းပြောပြီးပြီဖြစ်ကြောင်း၊ အနီးစပ်ဆုံး Online Trade ပေါ်ရှိ Market ပေါက်စျေးကိုသာယူပါဟု ပြောလိုကြောင်း၊ ထို့ကြောင့် ၂၉၂၀ ဆိုလျှင် ၂၉၂၀ ပဲယူစေလိုကြောင်း၊ ယနေ့ဆိုလျှင် ကမ္ဘာ့ရွှေစျေးသည် One Troy Ounce မှာ ၁၈၉၄ ဒသမ ၅၅ ရှိကြောင်း၊ မိမိတို့၏ Exchange Rate က ၂၉၂၀ ဖြစ်သည့်အတွက်ကြောင့် ထိုပေါ်မှာမူတည်ပြီး များသည့်၎င်းတို့၏ Standard နှင့်ပဲ တွက်ကြည့်မည်ဆိုလျှင် ၂၉၅၀၀၀၀ ထက်မကျော်သည်ဟု ပြောလိုကြောင်း၊ ထိုရွှေစျေးနှင့်ပတ်သက်၍ ယခုကဲ့သို့ စျေးလျှော့ပေါ့ပြီးသွားနေသည့်အပေါ် မူတည်၍ အားလုံးသုံးသပ်ရန်လည်း ပြောလိုကြောင်း၊ ရွှေဆိုင်များနှင့်ပတ်သက်၍ မေးကြည့်သည့်အခါ ၎င်းတို့အနေနှင့် ထိုပေါ်လာသည့်စျေးနှုန်းသည် ၎င်းတို့၏စျေးနှုန်းမဟုတ်ဘူးဟုပြောကြောင်း၊ ထိုစျေးနှုန်းများအားလုံးသည် Online ပေါ်မှာမူတည်ပြီး ထွက်လာသည့် စျေးနှုန်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ယင်းအပေါ်မူတည်ပြီး မစိုးရိမ်ဘဲ သင့်တင့်လျောက်ပတ်စွာ ဝယ်ခြင်း၊ ရောင်းခြင်းများကိုလုပ်ရန် ပြောလိုကြောင်း ဖြေကြားသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂၀၂၃ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁) ရက်နေ့) မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်ပါသည်။

**မုတ်သုံလေဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်-

(က) စက်တင်ဘာလ ၁၂ - ၁၈ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ လည်းကောင်း၊

( ခ ) စက်တင်ဘာလ ၁၉ -၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ လည်းကောင်း၊

( ဂ ) စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊

(ဃ) အောက်တိုဘာလ ၂-၇ ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၃) ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်၊ ရှမ်း၊ ချင်း၊ ရခိုင်၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့စျေးကွက်ပေါက်စျေးများ

၃၁ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၇၅ ကျပ် | ၂၅၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၇၅ ကျပ် | ၂၃၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၈၅ ကျပ် | ၂၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု သုံးဦး တွေ့ရှိ

(၃၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၈၈၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၅၀၀ | ၁၉၇ | ၁၈၅၂၅၀၀ |
| MTSH | ၃၁၅၀ | ၃၂၅၀ | ၄၈၃၈ | ၁၅၃၉၇၈၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၃၀ | ၂၄၃၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၅ | ၈၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁ | ၂၄၅၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၁၀၀ | ၂၃၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၅၈၄ | ၁၀၈၄၆၀၀ |

ညီညီ - စုစည်းသည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ ကျင်းပမည့် ပထမအကြိမ် Computer Based Test (CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာ နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက် အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး Computer Based Test(CBT)စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲ ဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှု စနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်မည့်နေ့ရက် | |
|---|---|---|---|
| (က) | စာမေးပွဲဖြေဆိုခွင့် Online Application ဖြင့် လျှောက်ထားခြင်း | ၄-၉-၂၀၂၃ | ၈-၉-၂၀၂၃ |
| (ခ) | စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းခြင်း | ၆-၉-၂၀၂၃ | ၁၁-၉-၂၀၂၃ |
| (ဂ) | စာမေးပွဲကျင်းပမည့် နေ့ရက် အချိန် ကြေညာခြင်း | ၂၂-၉-၂၀၂၃ | |
| (ဃ) | စာမေးပွဲကျင်းပခြင်း | ၄-၁၀-၂၀၂၃ | ၂၀-၁၀-၂၀၂၃ |
| (င) | စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၂၇-၁၀-၂၀၂၃ | |

၂။ **စာမေးပွဲကျင်းပမည့် အချိန်**

| ဖြေဆိုရမည့် အချိန် | ဖြေဆိုသူများအား စစ်ဆေး ဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း | အချိန် | |
|---|---|---|---|---|
| | | | အဖတ်စွမ်းရည် (Reading) (၂၅ မိနစ်) | အကြားစွမ်းရည် (Listening)(၂၅ မိနစ်) |
| ပထမပိုင်း | ၀၈:၅၀ မှ ၀၉:၀၀ | ၀၉:၀၀ မှ ၀၉:၃၀ | ၀၉:၃၀ မှ ၀၉:၅၅ | ၀၉:၅၅ မှ ၁၀:၂၀ |
| ဒုတိယပိုင်း | ၁၀:၂၀ မှ ၁၀:၃၀ | ၁၀:၃၀ မှ ၁၁:၀၀ | ၁၁:၀၀ မှ ၁၁:၂၅ | ၁၁:၂၅ မှ ၁၁:၅၀ |
| တတိယပိုင်း | ၁၂:၅၀ မှ ၁၃:၀၀ | ၁၃:၀၀ မှ ၁၃:၃၀ | ၁၃:၃၀ မှ ၁၃:၅၅ | ၁၃:၅၅ မှ ၁၄:၂၀ |
| စတုတ္ထပိုင်း | ၁၄:၂၀ မှ ၁၄:၃၀ | ၁၄:၃၀ မှ ၁၅:၀၀ | ၁၅:၀၀ မှ ၁၅:၂၅ | ၁၅:၂၅ မှ ၁၅:၅၀ |

*** **ဖြေဆိုသူများသတိပြုရန်**

- (၀၉:၃၀)နာရီမှ (၁၀:၂၀)နာရီထိ (ပထမပိုင်း)၊ (၁၁:၀၀)နာရီမှ (၁၁:၅၀)နာရီထိ (ဒုတိယပိုင်း)၊ (၁၃:၃၀)နာရီမှ (၁၄:၂၀)နာရီထိ (တတိယပိုင်း)နှင့် (၁၅:၀၀)နာရီမှ (၁၅:၅၀)နာရီထိ (စတုတ္ထပိုင်း) လေးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား(၆၀)ဦးစစ်ဆေးပါမည်။
- **စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် (၀၈:၃၀)နာရီ တွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် (၁၀:၀၀)နာရီတွင်လည်းကောင်း၊ တတိယပိုင်း ဖြေဆိုမည့်သူများသည်(၁၂:၃၀) နာရီတွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုမည့်သူများသည်(၁၄:၀၀)နာရီ တွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင် နေရာယူပြီးဖြစ်ရပါမည်။**

၃။ **စာမေးပွဲကျင်းပမည့်နေရာ**

- အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ ပင်လုံခန်းမ၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။

၄။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့် (၂၀၀)ရှိသည့်အနက် အမှတ်(၁၁၀)အထက် ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့်ရရှိမည်။ |

၅။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
**(၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့အတွင်းမွေးဖွားသူ)**
(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ ထွက်ခွာရန် တားမြစ်ခြင်း မခံရသူ၊
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ခြင်း/ပြန်ပို့ခြင်း မခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်။)၊
(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက် ဆေးစစ်ခြင်း ပြုလုပ်ပါမည်)၊
(င) E-9, E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့် မရှိပါ။

၆။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲလျှောက်လွှာ တင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook "POEA-EPS တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံကူးလက်မှတ် (scanned passport) ပူးတွဲတင်ပြရာတွင် -
(ကက) ယခင်ကိုရီးယားသမ္မတနိုင်ငံ၌ အလုပ်လုပ်ကိုင်ခဲ့စဉ်ကိုင်ဆောင်ခဲ့သည့် နိုင်ငံကူးလက်မှတ် (passport) (သို့မဟုတ်) လက်ရှိနိုင်ငံကူးလက်မှတ်၊
(ခခ) ပူးတွဲနိုင်ငံကူးလက်မှတ်(scanned passport) ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(၁) File size - Under 100kb
(၂) Resolution - 600 Pixels.
(၃) File type - JPEG.

(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင်-
(ကက) (၃)လအတွင်း ရိုက်ထားသည့်ဓာတ်ပုံဖြစ်ရမည်၊
(ခခ) ပူးတွဲဓာတ်ပုံနှင့် passport စာအုပ်ပါ ဓာတ်ပုံတို့သည် တစ်ဦးတည်းဖြစ်ရမည်၊
(ဂဂ) ပူးတွဲဓာတ်ပုံ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -
(၁) File size - Under 15 kb
(၂) Resolution - 100-300 Pixels.
(၃) File type - JPEG.
(ဃဃ) **ဓာတ်ပုံနောက်ခံအရောင် - အဖြူရောင်**

(၃) online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ facebook POEA-EPS တွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

(ခ) စားမေးပွဲမှတ်ပုံတင်ကြေး - အမေရိကန်ဒေါ်လာ(၂၈)၊
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာ ပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်းလျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲမှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၇။ **စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးအခွင့်အရေးနှင့် အကျိုးခံစားခွင့်များ**

| ခုနှစ် | ကိုရီးယားဘာသာကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းများ | | |
|---|---|---|---|
| ၂၀၁၆ | ကိုရီးယားသမ္မတနိုင်ငံတွင်း ကျင်းပသည့် TOPIK အဆင့်(၃) အောင်မြင်ပြီးသူများ | | လုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းများ |
| ၂၀၁၇ ခုနှစ်မှ စတင်၍ | ကိုရီးယားသမ္မတနိုင်ငံမှပြုလုပ်သည့် TOPIK အဆင့်(၃) သင်တန်းဆင်း အောင်လက်မှတ်ရရှိပါက အမှတ် ၅-မှတ် ရရှိပါမည်။ စာမေးပွဲမှတ်ပုံတင်ကြေးကင်းလွတ်ခွင့် ရရှိပါမည်။ | ကိုရီးယားသမ္မတနိုင်ငံမှ TOPIK စာမေးပွဲ အဆင့်-၃အထက်ရရှိပါက အမှတ် (၂၀) ရရှိပါမည်။ စာမေးပွဲမှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ | -လုပ်ငန်းထူထောင်ခြင်း၊ (လုပ်ငန်းရှင်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရှိပါက အမှတ် (၅)မှတ်ရရှိပါမည်) စာမေးပွဲမှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ |
| မှတ်ချက်။ အထက်ဖော်ပြပါ ထပ်တိုးရမှတ်များအတွက် အထောက်အထားစာရွက်စာတမ်းနှင့်အတူ လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။ | | | |

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၀-ပုဒ် (လုပ်ငန်းဆိုင်ရာ ၁၀-ပုဒ်၊ အထွေထွေ ၁၀-ပုဒ်) | ၁၀၀ | ၂၅ မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တဆက်တည်း ဖြေဆိုရမည်။ |
| အကြားစွမ်းရည် (Listing) | ၂၀-ပုဒ် | ၁၀၀ | ၂၅ မိနစ် | |
| **စုစုပေါင်း** | ၄၀-ပုဒ် | ၂၀၀ | ၅၀-မိနစ် | |

မှတ်ချက်။ စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK" စာအုပ်ကို အခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှု download ရယူနိုင်ပါသည်။ webpage (http;//epstopik, hrdkorea.or.kr)

၉။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း**

ကြေညာမည့်နည်းလမ်း -
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook POEA-EPS ၊
(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Webpage, (http;//epstopik, hrdkorea.or.kr)
(၃) စာမေးပွဲသက်တမ်း (၂၇-၁၀-၂၀၂၃)ရက်နေ့မှ (၂၆-၁၀-၂၀၂၅) ရက်နေ့အထိ (အောင်စာရင်းထုတ်ပြန်ကြေငြာသည့်နေ့မှ (၂)နှစ်တာ)

၁၀။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရမည့် စာရွက်စာတမ်းများ**

(က) ဖြေဆိုခွင့်ကတ်ပြား၊
(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း (သို့မဟုတ်) နိုင်ငံသားစိစစ်ရေး ကတ်ပြား၊
အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့် မရှိပါ။

၁၁။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်မြင်သူများ၏ အောင်စာရင်းကို(၂၇-၁၀-၂၀၂၃)ရက်နေ့တွင် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ Facebook၊ POEA-EPS နှင့် HRD-Korea၊ EPS-TOPIK website ဖြစ်သော http://epstopik. hrdkorea.or.kr တွင် အသိပေးကြေညာမည်ဖြစ်ပါသည်။
(ခ) စာမေးပွဲလျှောက်လွှာတင်သွင်းရာတွင် ကာယကံရှင်၏ဆန္ဒဖြင့်သာ လျှောက်ထားရမည်ဖြစ်ပါသည်။
(ဂ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်မကန်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်ဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်၊ Apple Watch၊ Smart Watch စသည်များ) ယူဆောင်လာခွင့်မရှိပါ။
(ဃ) စာမေးပွဲအတွင်း မမှန်ကန်သည့် အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄) နှစ် ကြာပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။
(င) စာမေးပွဲဖြေဆိုခွင့် လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ် အောင်စာရင်းတွင် ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များရရှိမည်မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။
(စ) ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီး နောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စ တိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမား ပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက် (MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU) အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးအထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးအဖြစ် ၁၅၀၀,၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှ မထွက်ခွာမီ မြန်မာ့စီးပွားရေး ဘဏ်၊ ဘဏ်ခွဲ-၅၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းသို့ ပေးသွင်း၍ ကျပ်သိန်း (၃၀)တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူ လက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးဆုံးရှုံးမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- ❖ စာမေးပွဲအောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။
- ❖ ကိုရီးယားသမ္မတနိုင်ငံတွင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အလုပ်လုပ်ခွင့် ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ်ရွေးချယ်ခြင်း မခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- ❖ ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
- ❖ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။
- ❖ ကျန်းမာကြံ့ခိုင်ပြီး မျက်လုံးအရောင်ခွဲခြားနိုင်သူ (Color Blind မဖြစ်ရ)ဖြစ်ရမည်၊ ရုပ်ပိုင်းဆိုင်ရာ(လက်ချောင်း/ ခြေချောင်း မပြည့်စုံခြင်းကဲ့သို့သော)ချို့ယွင်းချက်မရှိသူဖြစ်ရပါမည်။

- ❖ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့် ပတ်သက်ပြီး အမြန်ဆုံးထွက်ခွာ သွားရောက်နိုင်ရန်ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင်ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒိုက်ဦးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅

ဒေါ်သိန်းရီ နှင့် ၁။ဒေါ်စန်းမြင့်
၂။ဦးမြင့်အောင်
၃။ဒေါ်စန်းနွဲ့
၄။ကိုဝင်းဇော်
၅။ကိုဇော်မင်းလတ်
၆။မောင်ထွန်းထွန်း
၇။မောင်ကျော်သူ

တရားလို တရားပြိုင်များ

ဒိုက်ဦးမြို့နယ်၊ ဆာပါချုံကျေးရွာအုပ်စု၊ ဆင်တဲကျေးရွာနေ (၃)တရားပြိုင် ဒေါ်စန်းနွဲ့ (ဘ)ဦးတင်ကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သိန်းရီက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၁၉ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်)နေ့ နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အာကာစိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒိုက်ဦးမြို့နယ်တရားရုံး

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး ရပ်ကွက်၊ ၉၂-လမ်း၊ အမှတ် (၁၀၃) နေ (ဘ) ဦးဆာမိ၏ သမီးဖြစ်သူ ဒေါ်ချိုချို (၁၀/မထမ (နိုင်)၁၅၂၁၈၂) မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၅၆၂၉/၂၀၂၃) (၁၆-၆-၂၀၂၃) ဖြင့် မှတ်ပုံတင်တင်သွင်း ကြော်ငြာပြုလုပ်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် "အစာအိမ်နှင့် ပတ်သက်သောဆေးဝါးများ"တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်တို့ထံအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်လက်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LLB,D.M.L) |
| တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
### ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား
## အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများမှရရှိသောဝင်ငွေများအပေါ် အခွန်လွတ်ကင်းမှုများမဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သောဝင်ငွေခွန်များရရှိစေရန်ရည်ရွယ်လျက် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်း စေသည့်အစီအစဉ်အား ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်နည်းလမ်း (သို့မဟုတ်) ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ဝင်ငွေခွန်ကောက်ခံမှုနည်းလမ်းဆိုသည်မှာ ငွေပေးချေသည့်အချိန်တွင် အခွန်ကိုတစ်ပါ တည်းနုတ်ယူ၍ နိုင်ငံတော်သို့ပေးသွင်းရသောစနစ်တစ်ခုဖြစ်ပြီး အလုပ်ရှင် (သို့မဟုတ်) ငွေထုတ် ပေးရန်တာဝန်ရှိသူက ဖြတ်တောက်နုတ်ယူသူအဖြစ် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၃။ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ပါ သတ်မှတ်ချက်အရ **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များ**မှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

(က) **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့် တာဝန်များ**

(၁) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူထံ ပေးချေရမည့်အခကြေးငွေဖြစ်ပါက ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို နုတ်ယူ၍ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း ငွေလက်ခံ ရရှိသူ (သို့မဟုတ်) ကျန်းမာရေးစောင့်ရှောက်မှုပေးသူအမည်ဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရန်၊

(၂) မိမိတို့လုပ်ငန်းတွင် အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများအား လစာဝင်ငွေပေးချေခြင်းဖြစ်ပါက လစာ ခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်သည့်နည်းလမ်းအတိုင်းဆောင်ရွက်ရန်။

(ခ) **အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များ**

(၁) မိမိတို့ရရှိသည့်ဝင်ငွေနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာအခွန်ရုံးထံ ဝင်ငွေကြေညာလွှာတင်သွင်းရန်၊

(၂) ပင်ရင်းမှနုတ်ယူပေးသွင်းခဲ့ရသည့်ဝင်ငွေခွန်ကို စည်းကြပ်မှုအရကျသင့် ဝင်ငွေခွန်မှ ခုနှိမ်ပေးနိုင်ရေးအတွက် ငွေထုတ်ပေးရန် တာဝန်ရှိသူကပေးအပ် ထားသည့် ငွေသွင်း ချလန်မူရင်းများကို စနစ်တကျသိမ်းဆည်းထားရန်။

၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေ အပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်ကို ကျင့်သုံးခြင်းကြောင့် အခွန်ပေး ဆောင်သူဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေခြင်း၊ အခွန်ဆိုင်ရာဥပဒေများအပေါ် လိုက်နာမှုအားကောင်းစေခြင်းကြောင့် ဒဏ်ကြေးမကျသင့်ခြင်းဟူသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေ အပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပိုမို ပြည့်စုံစွာသိရှိလို ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) တယ်လီဖုန်းနံပတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေး အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ သိမ်ကုန်း ကျေးရွာနေ ဦးမောင်ကို၏သမီး ဒေါ်ခင်စုစံကို ၉/ရမသ(နိုင်) ၁၂၆၇၉၃၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၅-၁၉၈၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးနဲမြို့နယ်၊ လုံဆော့ ကျေးရွာနေ မဥမ္မာဇင်မြင့်၏ မိခင် ဒေါ်ဒါမန်သီဒေဝီ(ခ) ဒါမာန်သီးဒေဝီ ၁၃/နစန(နိုင်) ၀၂၅၆၁၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်းအုပ်စု၊ ကျီစုကျေးရွာနေ ဦးတင်ငွေ၏သမီး ဒေါ်ခင်စိုးရွှေ ၉/ရမသ(နိုင်) ၁၀၈၇၇၇၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၅-၁၉၈၄ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရမည်းသင်းမြို့၊ အထက(၁) Grade-12မှ မဆုယမ်ဖူး၏ မိဘအမည်မှန်မှာ ဦးနိုင်မျိုးအောင် ၉/မတန(နိုင်) ၀၂၀၉၂၀ နှင့် ဒေါ်မိုးမာလှိုင် ၉/ရမသ(နိုင်) ၁၉၉၄၃၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်းအမှတ်/အမည်- RA II/ ကွက်ပြင်(၂)၊ ဦးပိုင်အမှတ် - ၁၀၀-ည၊ 191/338၊ ဧရိယာ ၀.၃၇ ဧကရှိ ဂရန် မြေကွက်အား ဒေါ်ခင်စန္ဒာမော် (၁၂/သကတ(နိုင်)၁၃၄၁၄၂) က မြေငှားဂရန်အမည်ပြောင်း ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့၊**

## ဖခင်အမည်မှန်

